မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၉ ]** ရန်ကုန်မြို့ { ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက် ( ၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက် ) } **သောကြာနေ့ [ အတွဲ ၇၂**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၄၅/ ၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၅ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်)

**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ခ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၄ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဃ) တို့ပါ ပြဋ္ဌာန်းချက်များအရ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ဦးလှအေး ကို ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၄၆/ ၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၀ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)

**ရှမ်းပြည်နယ်ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ) တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါရှမ်းပြည်နယ်ဝန်ကြီးများကို ယှဉ်တွဲပါဝန်ကြီးဌာနအသီးသီးတွင် ပြောင်းလဲတာဝန်ပေးလိုက်သည်-

| | |
|---|---|
| (၁) ဦးစိုင်းရှုန်တစ်လုံ | လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဌာန |
| (၂) ဦးစိုးညွန့်လွင် | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၄၇/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၀ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)

**တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန် ကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၉၅/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဒေါက်တာမိုးဆွေ<br>မကွေးတိုင်းဒေသကြီး<br>ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူး<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းဆေးပညာဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |
| (၂) | ဦးအောင်ခိုင်ထွန်း<br>ဒုတိယအမြဲတမ်းအတွင်းဝန်/<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၉၆/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၅ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဝင်းမောင် ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၉၇/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၀ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)

**ပြည်နယ်ဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်းခြင်း**

ရှမ်းပြည်နယ်လွှတ်တော်၏ သဘောတူညီချက်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရှိ စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ကို ပူးပေါင်း၍ **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** အဖြစ် ပြင်ဆင် ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**ကြေညာချက်အမှတ် ၆/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)

**ပြည်ထောင်စုအစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၀ နှင့် ပြည်ထောင်စုအစိုးရ အဖွဲ့ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ **ပြည်ထောင်စုအစိုးရအဖွဲ့** ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) ဦးဝင်းမြင့်　　နိုင်ငံတော်သမ္မတ

(ခ) ဦးမြင့်ဆွေ　　ဒုတိယသမ္မတ

| | | |
|---|---|---|
| (ဂ) | ဦးဟင်နရီဗန်ထီးယူ | ဒုတိယသမ္မတ |
| (ဃ) | ဒေါ်အောင်ဆန်းစုကြည် | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သမ္မတရုံးဝန်ကြီးဌာန |
| (င) | ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန |
| (စ) | ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန |
| (ဆ) | ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန |
| (ဇ) | ဦးကျော်တင့်ဆွေ | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန |
| (ဈ) | ဒေါက်တာဖေမြင့် | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန |
| (ည) | ဦးမင်းသူ | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန |
| (ဋ) | သူရဦးအောင်ကို | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |
| (ဌ) | ဒေါက်တာအောင်သူ | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (ဍ) | ဦးသန့်စင်မောင် | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| (ဎ) | ဦးအုန်းဝင်း | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (ဏ) | ဦးဝင်းခိုင် | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |
| (တ) | ဦးသိန်းဆွေ | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| (ထ) | ဦးခင်မောင်ချို | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန |
| (ဒ) | ဒေါက်တာသန်းမြင့် | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| (ဓ) | ဒေါက်တာမျိုးသိမ်းကြီး | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန |
| (န) | ဒေါက်တာမြင့်ထွေး | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |
| (ပ) | ဦးစိုးဝင်း | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |

| | | |
|---|---|---|
| (ဖ) | ဦးသောင်းထွန်း | ပြည်ထောင်စုဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |
| (ဗ) | ဦးဟန်ဇော် | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (ဘ) | ဒေါက်တာဝင်းမြတ်အေး | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| (မ) | ဦးအုန်းမောင် | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန |
| (ယ) | နိုင်သက်လွင် | ပြည်ထောင်စုဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန |
| (ရ) | ဦးကျော်တင် | ပြည်ထောင်စုဝန်ကြီး<br>အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန |
| (လ) | ဦးထွန်းထွန်းဦး | ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |

၂။ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်သည် ရာထူးအလျောက် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတွင်းရေးမှူး ဖြစ်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် ၁၁၀/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၆ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်)

### နေပြည်တော် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေပုဒ်မ ၅ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ နေပြည်တော် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (၁) | ကောင်စီဝင် (ဆောက်လုပ်ရေးကဏ္ဍ)<br>နေပြည်တော်ကောင်စီ | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နေပြည်တော် | အဖွဲ့ဝင် |
| (၃) | ဒုတိယညွှန်ကြားရေးမှူး<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန<br>နေပြည်တော် | အဖွဲ့ဝင် |
| (၄) | ဒုတိယညွှန်ကြားရေးမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ နေပြည်တော် | အဖွဲ့ဝင် |

(၅) ညွှန်ကြားရေးမှူး (မြေနှင့် အိမ်ရာ) အတွင်းရေးမှူး
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်

(၆) ဒုတိယညွှန်ကြားရေးမှူး (အိမ်ရာဖွံ့ဖြိုးရေး) တွဲဖက်အတွင်းရေးမှူး
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

**[ ယခင်အပတ် ပြည်ထောင်စုလွှတ်တော်ရုံး၊ အမိန့်ကြော်ငြာစာအမှတ် (၇၈/၂၀၁၈)၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းမှ အဆက် ]**

၃၀။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ဤဥပဒေအရ ထုတ်ပေးသည့်ကြိုတင်ခွင့်ပြုချက် မရရှိဘဲ အောက်ပါပြုလုပ်မှုတစ်ခုခုမပြုလုပ်ရ -

(က) မူလရှိပြီး ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ် စက်မှုလုပ်ငန်း အဆောက်အအုံကို ပြင်ဆင်ခြင်း၊

(ခ) လယ်မြေ၊ ယာမြေများပေါ်တွင် သဘာဝပတ်ဝန်းကျင်နှင့် ပတ်ဝန်းကျင်မြင်ကွင်းကို ထိခိုက်စေသော နှစ်ရှည်ပင်များ စိုက်ပျိုးခြင်း၊

(ဂ) မူလမြေမျက်နှာသွင်ပြင်ကို ပျက်စီးစေနိုင်သည့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခြင်း -

(၁) မြောင်းကျင်ခြင်း၊ သဲထုတ်ခြင်း၊ ကျောက်ထုတ်ခြင်း၊ အုတ်ဖုတ်ခြင်း၊ အမှိုက်များစုပုံ စွန့်ပစ်ခြင်း၊ ရေဆိုးထုတ်ခြင်း၊

(၂) သဘာဝကုန်းကမူများနှင့် တောင်ကုန်းများ ဖြိုဖျက်ခြင်း၊ မြေညှိခြင်း၊ မြေတူးခြင်းနှင့် ရေစီးရေလာပိတ်ဆို့တားဆီးခြင်း၊

(၃) ကန်၊ ချောင်း၊ ဆည်မြောင်း၊ လျှို၊ ချိုင့်များ မြေဖို့ခြင်း။

(ဃ) လက်ရှိပေါက်ရောက်နေသည့် ဒေသမျိုးရင်း သဘာဝသစ်ပင်များကို ခုတ်ထွင်ခြင်း၊ ခင်တန်းများကို ဖျက်ဆီးခြင်း၊ ဒေသမျိုးရင်း မဟုတ်သော မျိုးစိတ်များ၊ နှစ်ရှည်ပင်များ စိုက်ပျိုးခြင်း၊

(င) ရှေးဟောင်းအဆောက်အအုံများနှင့် ပရဝဏ်များအတွင်း တိရစ္ဆာန်များ လွှတ်ကျောင်းခြင်း၊

(စ) ဝင်းခြံတစ်ခုခုအတွင်း ကျရောက်နေသည့် ရှေးဟောင်းအဆောက်အအုံများ၊ နေရာများ၏မြင်ကွင်းကို တမင်ဖုံးကွယ်ခြင်း၊ အလွယ်တကူဝင်ရောက်သွားလာ ကြည့်ရှုမရအောင် ပိတ်ဆို့တားဆီးခြင်း၊ ခြံခတ်ကာရံခြင်း။

၃၁။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏တစ်စိတ်တစ်ဒေသကို ဖြစ်စေ ဖျက်ဆီးခြင်း၊

(ခ) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ မူလရှေးဟောင်းပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလရှေးဟောင်း လက်ရာကိုဖြစ်စေ ပြောင်းလဲစေရန် တမင်ပြုလုပ်ခြင်း၊

(ဂ) ရှေးဟောင်းဝတ္ထုပစ္စည်းရှာဖွေရန် တူးဖော်ခြင်း၊

(ဃ) ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓာတ်သတ္တုရှာဖွေရန် တူးဖော်ခြင်း။

၃၂။ မည်သူမျှ ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာန သို့မဟုတ် အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီ သို့မဟုတ် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများက ထုတ်ပြန်သော စည်းကမ်းချက်၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်တို့ကို လိုက်နာရန်ပျက်ကွက်ခြင်းမရှိစေရ။

၃၃။　မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ သတ်မှတ်သည့် နယ်နိမိတ်အတွင်း ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်ကို ထိခိုက်စေရန် ဆောင်ရွက်ခြင်းမပြုရ။

## အခန်း (၁၀)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၄။　မည်သူမဆို ပုဒ်မ ၂၇ သို့မဟုတ် ပုဒ်မ ၂၉ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံးတစ်နှစ်မှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ် တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၃၅။　မည်သူမဆို ပုဒ်မ ၂၈ သို့မဟုတ် ပုဒ်မ ၃၂ သို့မဟုတ် ပုဒ်မ ၃၃ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံးခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ် တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၃၀ အထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၃၆။　မည်သူမဆို ပုဒ်မ ၃၀ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၃၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၃၇။　မည်သူမဆို ပုဒ်မ ၃၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံးသုံးနှစ်မှ အများဆုံးငါးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ် တစ်ဆယ်သိန်းမှ အများဆုံးကျပ်သိန်း ၅၀ အထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၃၈။　မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် တရားရုံးသည် အောက်ပါအမိန့်တစ်ခုခုကိုလည်း ချမှတ်ရမည် -

(က)　တည်ဆောက်ထားသည့်အဆောက်အအုံကို ဖျက်သိမ်းစေခြင်း၊

(ခ)　တိုးချဲ့ထားသည့် အဆောက်အအုံ သို့မဟုတ် ဝင်းခြံနယ်နိမိတ်ကို မူလအတိုင်း ပြန်လည်ပြုလုပ်စေခြင်း၊

(ဂ)　ပုံသဏ္ဌာန်ပြောင်းလဲပြင်ဆင်ထားသည့် အဆောက်အအုံ သို့မဟုတ် မြေကို မူလပုံသဏ္ဌာန်အတိုင်း ပြန်လည်ပြုလုပ်စေခြင်း၊

(ဃ)　သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း။

၃၉။　မည်သူမဆို ပုဒ်မ ၃၈ အရ ချမှတ်သည့်အမိန့်ကို ရက်ပေါင်း ၃၀ အတွင်း လိုက်နာဆောင်ရွက်ရမည်။ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက အမိန့်ချမှတ်ပြီး ရက်ပေါင်း ၃၀ ကျော်သည့်နေ့မှစ၍ တစ်နေ့လျှင် ငွေဒဏ် အနည်းဆုံးကျပ် တစ်သိန်း ချမှတ်ရမည်။

## အခန်း (၁၁)
## အထွေထွေ

၄၀။　နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓာတ်သတ္တုတူးဖော်ခြင်းနှင့်စပ်လျဉ်း၍ -

(က)　ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ထားသည့် ယဉ်ကျေးမှုအမွေအနှစ်ဒေသနှင့် အမျိုးသားအဆင့် သတ်မှတ်ထားသော ယဉ်ကျေးမှုအမွေအနှစ်ဒေသများတွင် ဆောင်ရွက်ခြင်းကို တားမြစ်သည်။

(ခ)　ပုဒ်မခွဲ (က) ပါ ယဉ်ကျေးမှုအမွေအနှစ်ဒေသများမှတစ်ပါး အခြားယဉ်ကျေးမှုအမွေအနှစ် ဒေသများတွင် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။

(ဂ)　ပုဒ်မခွဲ (ခ) အရ ဆောင်ရွက်ရာတွင် ထိခိုက်ပျက်စီးနိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်များကိုလည်း နိုင်ငံတကာလုပ်ထုံးလုပ်နည်းသတ်မှတ်ချက်များနှင့်အညီ ပြောင်းရွှေ့အစားထိုး ထိန်းသိမ်း၍ ဆောင်ရွက်နိုင်သည်။

၄၁။ (က) ယဉ်ကျေးမှုအမွေအနှစ်ဒေသများတွင် အခကြေးငွေကောက်ခံခြင်း၊ ဝင်ကြေးသတ်မှတ်ကောက်ခံခြင်းများကို သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီက သတ်မှတ်ပေးရမည်။

(ခ) စီမံခန့်ခွဲရေးကော်မတီသည် ယဉ်ကျေးမှုအမွေအနှစ်ကို ထိခိုက်စေသည့်ဆောင်ရွက်မှုများ၊ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးအတွက် ဒဏ်ကြေးငွေများကို တစ်ကြိမ်တည်းသော်လည်းကောင်း၊ နှစ်စဉ်သော်လည်းကောင်း သတ်မှတ်ပေးရမည်။

၄၂။ ဝန်ကြီးဌာနသည် ကြိုတင်ခွင့်ပြုချက်ပါ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေး စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိလျှင် ကြိုတင်ခွင့်ပြုချက်ရရှိသူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးပြီး စည်းကမ်းချက်နှင့်အညီ လိုက်နာဆောင်ရွက်စေခြင်း၊ ခံဝန်ချက်ရေးထိုးစေခြင်း၊

(ခ) ဒဏ်ကြေးငွေ ပေးဆောင်စေပြီး စည်းကမ်းချက်နှင့်အညီ လိုက်နာဆောင်ရွက်စေခြင်း။

၄၃။ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့်အသုံးစရိတ်များကို ဝန်ကြီးဌာနက ကျခံရမည်။

၄၄။ ဝန်ကြီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးအတွက် သင့်လျော်သော ရန်ပုံငွေတစ်ရပ်ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထူထောင်ထားရှိနိုင်သည်။

၄၅။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၆။ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပြဋ္ဌာန်းထားစေကာမူ ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုများကို ဤဥပဒေအရသာ အရေးယူရမည်။

၄၇။ ဝန်ကြီးဌာနသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသနှင့် ကြားခံဒေသအတွင်းရှိ မြို့ပြနှင့်ကျေးရွာများ၏ လူမှုရေး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးရေးကိစ္စရပ်များကို မထိခိုက်စေဘဲ ညှိနှိုင်းသတ်မှတ်ပေးရမည်။

၄၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ ဦးစီးဌာန၊ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၄၉။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၉/၁၉၉၈) အရ သတ်မှတ်ထားသည့် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန်နှင့် ရှေးဟောင်းနေရာဇုန်တို့ကို ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသဟုလည်းကောင်း၊ ကာကွယ်ထိန်းသိမ်းထားသောဇုန်ကို ကြားခံဒေသဟုလည်းကောင်း မှတ်ယူရမည်။

၅၀။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၉/၁၉၉၈) အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၅၁။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၉/၁၉၉၈) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၈၀/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်)

**ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈ ခုနှစ်)**

**ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈ ခုနှစ်)** (၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၃။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈ ခုနှစ်)

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၃ ။)**

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈ ခုနှစ်) ဟု ခေါ်တွင်စေရမည်။

၂။ "ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ (THE SEA CUSTOMS ACT.1878)" ၏ အမည်ကို "ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ" ဟု အစားထိုးရမည်။

၃။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေတွင်ပါရှိသော "Ministry of Finance" ဆိုသည့် စကားရပ်ကို "Union Ministry of Planning and Finance" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "Union Minister of Finance" ဆိုသည့် စကားရပ်ကို "Union Minister for Planning and Finance" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "the High Court" ဆိုသည့် စကားရပ်ကို "the Supreme Court of the Union" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "Magistrate" ဆိုသည့် စကားရပ်ကို "Judge" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "Public Warehouse" ဆိုသည့် စကားရပ်ကို "Public Customs Warehouse" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "Private Warehouse" ဆိုသည့် စကားရပ်ကို "Private Customs Warehouse" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၄။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ပ) ၏ နောက်တွင် ပုဒ်မခွဲ (ဏ)၊ (တ) နှင့် (ထ) တို့ကို အောက်ပါအတိုင်းဖြည့်စွက်ရမည် -

Interpretation. "(o) **"Public Customs Warehouse"** means a warehouse at the airport, seaport or inland port including the border entry points, where goods imported or to be exported can be stored under customs control before payment of duties and taxes."

"(p) **"Private Customs Warehouse"** means a warehouse where the individually owned goods imported or to be exported can be stored under customs control before payment of duties and taxes."

"(q) **"Manufacturing Customs Warehouse"** means a privately owned warehouse where a person with a legal license may store the privately owned imported goods under customs control for manufacturing operations, before payment of duties and taxes."

၅။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆ ၏ နောက်တွင် ပုဒ်မ ၁၆-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

Power to license Manufacturing Customs Warehouse.

"16 A. The Director-General of Customs may issue a license to a privately owned warehouse as a Manufacturing Customs Warehouse."

၆။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၊ ပုဒ်မ ၄၃၊ ပုဒ်မ ၈၀၊ ပုဒ်မ ၁၂၀၊ ပုဒ်မ ၁၉၄၊ နောက်ဆက်တွဲဇယားပုံစံ (က) နှင့် ပုံစံ (ဂ) တို့တွင်ပါရှိသော "by sea" ဆိုသည့် စကားရပ်ကို "by any mode of transport" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၇။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ နှင့် ပုဒ်မ ၂၂ တို့တွင်ပါရှိသော "by any means of transport" ဆိုသည့် စကားရပ်ကို "by any mode of transport" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၈။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၃၀ နှင့် ပုဒ်မ ၄၂ တို့တွင်ပါရှိသော "by any means" ဆိုသည့် စကားရပ်ကို "by any mode of transport" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၉။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၀၀၊ ပုဒ်မခွဲ (င) ၏ နောက်တွင် ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်းဖြည့်စွက်ရမည် -

Owner's power to deal with warehoused goods.

"( f ) any goods imported may be processed into finished products from raw materials in a Manufacturing Customs Warehouse."

၁၀။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၀၅ တွင်ပါရှိသော "by sea or by inland" ဆိုသည့် စကားရပ်ကို "by any mode of transport" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ ဇယားအမှတ်စဉ် ၉ ၏ နောက်တွင် အမှတ်စဉ် ၉-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

| **Offences** | **Section of this Act to which offence has reference** | **Penalties** |
|---|---|---|
| 9 A. If the person chargeable with payment of duties short-levied or erroneously refunded or imposed duties and taxes or penalty or a fine upon any goods are not paid within the limited time, | 20,39 & 193 | Such person concerned shall be liable to a penalty not exceeding three times of those payment of duties short - levied or erroneously refunded or imposed duties and taxes or penalty or a fine upon any goods shall be chargeable or shall, on conviction of any such offence before a Judge, be liable to imprisonment for a term not exceeding three years or to fine or to both. |

၁၂။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ ဇယားအမှတ်စဉ် ၇၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

| Offences | Section of this Act to which offence has reference | Penalties |
|---|---|---|
| 72. If any person makes or signs, or uses, any declaration or document used in the transaction of any business relating to the Customs, knowing or having reason to believe such declaration or document to be false in any particular, or counterfeits, falsifies or fraudulently alters or destroys any such document, or any seal, signature, initials or other mark made or impressed by any officer of Customs in the transaction of any business relating to the Customs, or, being required under this Act to produce any document, refuses or neglects to produce such document, or, being required under this Act to answer any question put to him by an officer of Customs, does not truly answer such question, | General | Such person or any person concerned shall be liable to a penalty not exceeding three times of the customs value of the goods or such person or any person concerned shall be liable to a penalty not exceeding ten million kyats or such person or any person concerned shall, on conviction of any such offence before a Judge, be liable to imprisonment for a term not exceeding three years or to fine or to both. |

၁၃။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ ဇယားအမှတ်စဉ် ၈၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

| Offences | Section of this Act to which offence has reference | Penalties |
|---|---|---|
| 80. If any person, without the approval of the Competent Customs Official under section 202, acts as an agent for the transaction of business as therein mentioned, | 202 | Such person or any person concerned shall be liable to a penalty not exceeding five million kyats or such person or any person concerned shall , on conviction of any such offence before a Judge, be liable to imprisonment for a term not exceeding three years. |

၁၄။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉၂ တွင် ပါရှိသော "fine, penalty or a fine upon any goods" နှင့် "fine, penalty or rate" ဆိုသည့် စကားရပ်များကို "imposed duties and taxes, fine or penalty or a fine upon any goods" ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

၁၅။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉၃ တွင် ပါရှိသော "penalty or a fine upon any goods" ဆိုသည့် စကားရပ်ကို "imposed duties and taxes, fine or penalty or a fine upon any goods" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၂ တွင် ပါရှိသော တတိယအပိုဒ်နှင့် စတုတ္ထအပိုဒ်တို့ကို အောက်ပါအတိုင်းအစားထိုးရမည် -

Custom-house agents.

"Such officer may, in case of misbehavior of the person so authorized, confiscate security, or suspend or withdraw such approval, but an appeal against every such confiscation of security or suspension or withdrawal shall lie to the Union Minister for Planning and Finance, whose decision thereon shall be final.

Every appeal under this section shall be made within one month of the confiscation of security or suspension or withdrawal."

၁၇။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၂ ၏နောက်တွင် ပုဒ်မ ၂၀၂-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

Responsibilities of Custom-house agent for Customs declaration, calculation and payment of duties and taxes and other amounts payable.

"202 A. Such person shall be responsible to declare complete and accurate facts and figures in the Customs declaration in due time."

၁၈။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (ခ) ၏ နောက်တွင် ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်းဖြည့်စွက်ရမည် -

Rules to be notified.

"(c) All rules made under this Act shall be notified in the Gazette. All such rules for the time being in force shall be collected, arranged and published at intervals not exceeding two years, and shall be sold to the public at reasonable price."

၁၉။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၈ ၏ နောက်တွင် ပုဒ်မ ၂၀၈-က ကို အောက်ပါအတိုင်းဖြည့်စွက်ရမည် -

Customs Transit.

"208 A . Customs Transit procedure is applicable with the goods which are transported under Customs control from one Customs office to another."

၂၀။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၉ ၏ နောက်တွင် ပုဒ်မ ၂၁၀၊ ပုဒ်မ ၂၁၁၊ ပုဒ်မ ၂၁၂၊ ပုဒ်မ ၂၁၃၊ ပုဒ်မ ၂၁၄ နှင့် ပုဒ်မ ၂၁၅ တို့ကို အောက်ပါအတိုင်းဖြည့်စွက်ရမည် -

Responsibilities of Ministries concerned to cooperate.

"210. Any Ministry concerned shall, within the scope of their respective tasks and powers, be responsible for coordinating and cooperating with the Union Ministry of Planning and Finance for the performance of electronic Customs or Single Window."

Amount of fees.

"211. The Customs Declarant, users of electronic Customs or Single Window, shall pay the amount of fees prescribed by the Director-General

of Customs from time to time for the maintenance and administration, monitoring, upgrading of the relevant data center, websites and facilities."

Revenue Allocation.

"212. The revenue collected on importation and exportation may be deposited to the relevant Region or State fund in accordance with the percentage prescribed by the Union Ministry of Planning and Finance with the approval of the Union Government."

Application of international treaties and practices related to Customs.

"213. If there are cases which have not been provided for this Act, any other legal instrument and any international treaty to which the Republic of the Union of Myanmar has signed or acceded, then international practices related to Customs may be applicable.

Provided that during the period when such Customs practices could not be complied, the Director-General of Customs has the power to issue the orders and notifications, that do not contravene the existing laws, rules and regulations of the Republic of the Union of Myanmar, with the permission of the Union Minister for Planning and Finance, relating to such Customs practices and these may be applied."

Activities of international cooperation on Customs.

"214 A. Activities of international cooperation on Customs shall cover:

(1) Negotiation, conclusion and organization of implementation of treaties and international agreements on Customs;

(2) Exploitation and exchange of information and technical cooperation with customs authorities of foreign countries and related international organizations;

(3) Dispatch of Myanmar customs officials abroad and receiving foreign customs officials sent to Myanmar to perform technical customs operations in accordance with the law on customs, treaties to which the Republic of the Union of Myanmar becomes a party or concluded international agreements;

(4) Exercise of rights, performance of obligations and enjoyment of interests of the Republic of the Union of Myanmar in the World Customs Organization, customs related international organizations, countries and territories.

B. The Myanmar Customs Department shall be responsible to carry out activities prescribed in sub-section (A) of this section in accordance with the existing laws."

Reward.

"215. Regarding the distribution of reward to be paid to the informers, investigation organization and seizing organization from the proceeds of the sales of confiscated goods, penalty and fines received under the existing Customs Laws, it may reward according to the ratio prescribed by the Union Government."

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၈၁/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၃ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)

**၂၀၁၈ ခုနှစ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေ**

**ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **၂၀၁၈ ခုနှစ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေ** (၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၄။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## ၂၀၁၈ ခုနှစ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေ

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၄ ။)**

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၃ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၂၀၁၈ ခုနှစ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ဆိုသည်။

(ခ) **ဗဟိုကောင်စီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း ဗဟိုကောင်စီကို ဆိုသည်။

(ဂ) **ဗဟိုအလုပ်အမှုဆောင်အဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ဆိုသည်။

(ဃ) **မြို့နယ်အသင်း အလုပ်အမှုဆောင်ဖွဲ့စည်းရေးကြီးကြပ်မှုကော်မတီ**ဆိုသည်မှာ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသည့် အဖွဲ့ကို ဆိုသည်။

(င) **မြို့နယ်အသင်း**ဆိုသည်မှာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကို ဆိုသည်။

(စ) **အသင်းခွဲ**ဆိုသည်မှာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲကို ဆိုသည်။

(ဆ) **အသင်းသား**ဆိုသည်မှာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အသင်းနှင့် အသင်းခွဲများ၏ အသင်းသားများကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိခင်နှင့်ကလေးများ၊ မိသားစုများ၏ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ကူညီစောင့်ရှောက်မှုလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအား ပံ့ပိုးကူညီမှုပေးသော စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတစ်ခုအဖြစ် ဖွဲ့စည်း၍ လွတ်လပ်စွာ စည်းရုံးဆောင်ရွက်ရန်၊

(ခ) တစ်နိုင်ငံလုံးတွင် ဖွဲ့စည်းထားရှိသော မြို့နယ်အသင်းများနှင့် အသင်းခွဲများအား မိခင်နှင့် ကလေး ကျန်းမာရေးစောင့်ရှောက်မှု အခြေခံပညာရပ်များကို စည်းရုံးဖြန့်ဖြူးပေးရန်၊

(ဂ) တစ်နိုင်ငံလုံးတွင် ဖွဲ့စည်းထားရှိသော မြို့နယ်အသင်းများနှင့် အသင်းခွဲများအား ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ အထောက်အပံ့များ၊ အကူအညီများပေးရန်၊

(ဃ) မိခင်နှင့်ကလေးများ၊ မိသားစုများအား လိုအပ်သည့်အခါ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ အထောက်အပံ့များ၊ အကူအညီများပေးရန်၊

(င) မြို့နယ်အသင်းများနှင့် အသင်းခွဲများအချင်းချင်း ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများ ချောမော အဆင်ပြေစေရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(စ) မိခင်နှင့်ကလေးစောင့်ရှောက်ရေးလုပ်ငန်းများနှင့် မိသားစုစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အစိုးရ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့ အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

## အခန်း (၃)
## ဖွဲ့စည်းခြင်း

၄။ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊

(ခ) မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊

(ဂ) မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ။

၅။ အသင်းခွဲကို ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ မြို့နယ်အသင်း၏ သဘောတူညီချက်ဖြင့်သာ ဖွဲ့စည်း နိုင်သည်။

၆။ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ဗဟိုကောင်စီလည်း ဖြစ်သည်။

၇။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါပုဂ္ဂိုလ်များပါဝင်သော ဗဟိုကောင်စီကို ဖွဲ့စည်းရမည် -

| | | | |
|---|---|---|---|
| (က) | ပြည်ထောင်စုအစိုးရအဖွဲ့က ခန့်ထားသောပုဂ္ဂိုလ် | ၁ ဦး | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုအစိုးရအဖွဲ့က ခန့်ထားသောပုဂ္ဂိုလ် | ၁၄ ဦး | အဖွဲ့ဝင် |
| (ဂ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များမှ ဥက္ကဋ္ဌ | ၁၄ ဦး | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုနယ်မြေ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ | ၁ ဦး | အဖွဲ့ဝင် |
| (င) | စေတနာ့ဝန်ထမ်းလုပ်ငန်းကို စိတ်ပါဝင်စားသူ | ၅ ဦး | အဖွဲ့ဝင် |

၈။ ဇဟိုကောင်စီ၏ ဒုတိယဥက္ကဋ္ဌ နှစ်ဦး၊ အတွင်းရေးမှူး တစ်ဦး၊ တွဲဖက်အတွင်းရေးမှူး နှစ်ဦး၊ ဘဏ္ဍာရေးမှူး တစ်ဦးနှင့် စာရင်းစစ် တစ်ဦးတို့ကို ဇဟိုကောင်စီဝင်များက မိမိတို့ထဲမှ လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ရမည်။

၉။ ဇဟိုအလုပ်အမှုဆောင်အဖွဲ့ကို ဇဟိုကောင်စီဥက္ကဋ္ဌက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပုဒ်မ ၈ အရ ရွေးချယ်တင်မြှောက်ခြင်းခံရသော ပုဂ္ဂိုလ်များသည် ယင်းတို့၏ ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ရာထူး အတိုင်းလည်းကောင်း၊ ဇဟိုကောင်စီဝင်များက လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်သော အခြားဇဟို ကောင်စီဝင် ခုနစ်ဦးသည် ဇဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်စေလျက် စုစုပေါင်း ၁၅ ဦးဖြင့် ဖွဲ့စည်းရမည်။

၁၀။ (က) ဇဟိုအလုပ်အမှုဆောင်အဖွဲ့သည် ဂုဏ်ထူးဆောင် နာယကများကို တင်မြှောက်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ တင်မြှောက်ခြင်းခံရသူသည် ဂုဏ်ထူးဆောင် အသင်းသားဖြစ်သည်။

၁၁။ ဝန်ကြီးဌာနသည် ပထမအကြိမ် ဇဟိုကောင်စီအစည်းအဝေးကို ခေါ်ယူကျင်းပပေးရမည်။

၁၂။ ဇဟိုကောင်စီ၏ နှစ်ပတ်လည်အစည်းအဝေးကို နှစ်စဉ်ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်း အဝေးများ ခေါ်ယူကျင်းပနိုင်သည်။

၁၃။ (က) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များကို အောက်ပါအတိုင်း ရွေးချယ်ရမည် -

(၁) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ အလုပ်အမှုဆောင် ကိုယ်စားလှယ်လောင်းအဖြစ် မြို့နယ်အသင်း အလုပ် အမှုဆောင်ဖွဲ့စည်းရေးကြီးကြပ်မှုကော်မတီက ကြီးကြပ်၍ သက်ဆိုင်ရာ မြို့နယ်အသင်း၏ အသင်းသားများမှ လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်သည့် ကိုယ်စားလှယ်တစ်ဦး၊

(၂) ပုဒ်မခွဲငယ် (၁) အရ မြို့နယ်အလိုက် ရွေးချယ်သည့် ကိုယ်စားလှယ်လောင်းများကို နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက ဖွဲ့စည်း ပေးသော ကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဥက္ကဋ္ဌ တစ်ဦး၊ အတွင်းရေးမှူး တစ်ဦး၊ ဘဏ္ဍာရေးမှူး တစ်ဦး၊ စာရင်းစစ် တစ်ဦးနှင့် အဖွဲ့ဝင် တစ်ဦး စုစုပေါင်း ငါးဦး ပါဝင်သော ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ကို လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်ဖွဲ့စည်းရမည်။

(ခ) ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များကို အောက်ပါအတိုင်း ရွေးချယ်ရမည် -

(၁) ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အလုပ်အမှုဆောင်ကိုယ်စားလှယ် လောင်းအဖြစ် မြို့နယ်အသင်း အလုပ်အမှုဆောင် ဖွဲ့စည်းရေးကြီးကြပ်မှုကော်မတီက ကြီးကြပ်၍ သက်ဆိုင်ရာမြို့နယ်အသင်း၏ အသင်းသားများက လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်သည့် ကိုယ်စားလှယ်တစ်ဦး သို့မဟုတ် ခရိုင်ဖွဲ့စည်းပုံအရ လိုအပ်ပါက ငါးဦးထက်မပိုသော ကိုယ်စားလှယ်များ၊

(၂) ပြည်ထောင်စုနယ်မြေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက ဖွဲ့စည်း ပေးသော ကြီးကြပ်မှုအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဥက္ကဋ္ဌ တစ်ဦး၊ အတွင်းရေးမှူး တစ်ဦး၊ ဘဏ္ဍာရေးမှူး တစ်ဦး၊ စာရင်းစစ် တစ်ဦးနှင့် အဖွဲ့ဝင် တစ်ဦး စုစုပေါင်း ငါးဦး ပါဝင်သော ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ကို လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်ဖွဲ့စည်းရမည်။

၁၄။ (က) မြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး သို့မဟုတ် အထူးအစည်းအဝေးတွင် မြို့နယ် အသင်း အလုပ်အမှုဆောင် ဖွဲ့စည်းရေးကြီးကြပ်မှုကော်မတီကို အသင်းသားများက သက်ဆိုင်ရာ

မြို့နယ်အတွင်းရှိ အများပြည်သူ ကြည်ညိုလေးစားခြင်းခံရသည့် အောက်ပါပုဂ္ဂိုလ် ၅ ဦး ပါဝင်သော အဖွဲ့ဖြင့် ဖွဲ့စည်းရမည် -

(၁) အငြိမ်းစားကျန်းမာရေးဝန်ထမ်း ၁ ဦး

(၂) အငြိမ်းစားပညာရေးဝန်ထမ်း ၁ ဦး

(၃) စီးပွားရေးလုပ်ငန်းရှင် ၁ ဦး

(၄) ပရဟိတလုပ်ငန်းများကို ပံ့ပိုးဆောင်ရွက်နေသူ ၁ ဦး

(၅) မိခင်နှင့်ကလေး ဖွံ့ဖြိုးရေးလုပ်ငန်းများကို စိတ်ဝင်စားသူ ၁ ဦး

(ခ) မြို့နယ်အသင်း အလုပ်အမှုဆောင်ဖွဲ့စည်းရေး ကြီးကြပ်မှုကော်မတီသည် မြို့နယ်အသင်းနှစ်ပတ်လည် အစည်းအဝေး သို့မဟုတ် အထူးအစည်းအဝေးတွင် မြို့နယ်အသင်း၏ အသင်းသားများထဲမှ -

(၁) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့အတွက် ကိုယ်စားလှယ်လောင်းတစ်ဦးကို လည်းကောင်း၊

(၂) ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့အတွက် ကိုယ်စားလှယ်လောင်း တစ်ဦး သို့မဟုတ် ခရိုင်ဖွဲ့စည်းပုံအရ လိုအပ်ပါက ငါးဦးထက်မပိုသော ကိုယ်စားလှယ် လောင်းများကိုလည်းကောင်း၊

(၃) မြို့နယ်အသင်း အလုပ်အမှုဆောင်အဖွဲ့အတွက် အဖွဲ့ဝင် ခုနစ်ဦးကိုလည်းကောင်း လျှို့ဝှက် ဆန္ဒမဲဖြင့် ရွေးချယ်ရမည်။

(ဂ) မြို့နယ်အသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် မိမိတို့ထဲမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် စာရင်းစစ်တို့ကို ရွေးချယ်တင်မြှောက်ရမည်။

(ဃ) မြို့နယ်အသင်း၏ အသင်းသားများသည် မြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး သို့မဟုတ် အထူးအစည်းအဝေးတွင် မြို့နယ်အသင်း အလုပ်အမှုဆောင် အဖွဲ့ဝင်များလစ်လပ်ပါက မိမိတို့ထဲမှ ကျန်းမာရေး၊ လူမှုရေးနှင့် ပညာရေးလုပ်ငန်းများတွင် စိတ်ဝင်စားပြီး ကူညီပံ့ပိုးနိုင်မည့် ပုဂ္ဂိုလ်များဖြင့် အစားထိုး ရွေးချယ်တင်မြှောက်ရမည်။

၁၅။ (က) မြို့နယ်အသင်း၏ သက်ဆိုင်ရာအသင်းခွဲတွင် ပါဝင်သော အသင်းသားများသည် အသင်းခွဲ နှစ်ပတ်လည်အစည်းအဝေး သို့မဟုတ် အထူးအစည်းအဝေးတွင် မိမိတို့ထဲမှ အသင်းခွဲ အလုပ်အမှုဆောင်အဖြစ် ကျန်းမာရေး၊ လူမှုရေးနှင့် ပညာရေးလုပ်ငန်းများတွင် စိတ်ဝင်စားပြီး ကူညီပံ့ပိုးနိုင်မည့် ပုဂ္ဂိုလ် ခုနစ်ဦးကို မြို့နယ်အသင်း အလုပ်အမှုဆောင်အဖွဲ့၏ ကြီးကြပ်မှုဖြင့် ရွေးချယ်တင်မြှောက်ရမည်။

(ခ) အသင်းခွဲ အလုပ်အမှုဆောင်အဖွဲ့ကို ဥက္ကဋ္ဌ တစ်ဦး၊ အတွင်းရေးမှူး တစ်ဦး၊ ဘဏ္ဍာရေးမှူး တစ်ဦး၊ စာရင်းစစ် တစ်ဦးနှင့် အဖွဲ့ဝင် သုံးဦး၊ စုစုပေါင်း ခုနစ်ဦးဖြင့် ဖွဲ့စည်းရမည်။

(ဂ) အသင်းခွဲ၏ အသင်းသားများသည် အသင်းခွဲနှစ်ပတ်လည် အစည်းအဝေး သို့မဟုတ် အထူး အစည်းအဝေးတွင် အသင်းခွဲအလုပ်အမှုဆောင် အဖွဲ့ဝင်များလစ်လပ်ပါက မိမိတို့ထဲမှ ကျန်းမာရေး၊ လူမှုရေးနှင့် ပညာရေးလုပ်ငန်းများတွင် စိတ်ဝင်စားပြီး ကူညီပံ့ပိုးနိုင်မည့် ပုဂ္ဂိုလ်များဖြင့် အစားထိုးရွေးချယ်တင်မြှောက်ရမည်။

၁၆။ (က) ဗဟိုကောင်စီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့် နေ့ရက်မှစ၍ ငါးနှစ်ဖြစ်သည်။

(ခ) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်အသင်းနှင့် အသင်းခွဲအသီးသီး၏ အလုပ်အမှုဆောင်အဖွဲ့ သက်တမ်းသည် ဗဟိုကောင်စီ၏ သက်တမ်း နှင့်အညီ ဖြစ်သည်။

၁၇။ မြို့နယ်အသင်းနှင့် အသင်းခွဲတို့သည် နှစ်ပတ်လည်အစည်းအဝေးကို နှစ်စဉ်ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေးများ ခေါ်ယူကျင်းပနိုင်သည်။ ယင်းအစည်းအဝေးတွင် လစ်လပ်လျက်ရှိသော အလုပ်အမှုဆောင် အဖွဲ့ဝင်နေရာများကို အစားထိုးရွေးချယ် ခန့်ထားနိုင်သည်။

## အခန်း (၄)

## အသင်းသားဖြစ်ခြင်း၊ အသင်းသားအဖြစ်မှရပ်စဲခြင်း

၁၈။ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတွင် အောက်ပါအတိုင်း အသင်းသားအမျိုးအစားများ ခွဲခြားသတ်မှတ်ထားရှိသည် -

(က) ဂုဏ်ထူးဆောင်အသင်းသား၊

(ခ) အသင်းသား။

၁၉။ မြို့နယ်အသင်း သို့မဟုတ် အသင်းခွဲတွင် အသင်းသားအဖြစ် လျှောက်ထားလိုသူသည် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီပါက လျှောက်ထားနိုင်သည် -

(က) မြန်မာနိုင်ငံသားဖြစ်ခြင်း၊

(ခ) အသက် ၁၈ နှစ် ပြည့်ပြီးသူဖြစ်ခြင်း၊

(ဂ) ရူးသွပ်သူမဟုတ်ခြင်း၊

(ဃ) သာသနာ့ဝန်ထမ်း မဟုတ်ခြင်း၊

(င) ဝင်ကြေး၊ နှစ်စဉ်ကြေးပေးဆောင်နိုင်သူဖြစ်ခြင်း။

၂၀။ အောက်ပါ အကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်လျှင် အသင်းသားအဖြစ်မှ ရပ်စဲခြင်းခံရမည် -

(က) ကွယ်လွန်ခြင်း၊

(ခ) ဗဟိုကောင်စီက သတ်မှတ်ထားသည့် အသင်းသားတို့ လိုက်နာရမည့် စည်းကမ်းနှင့် ကျင့်ဝတ်များကို ဖောက်ဖျက်ခြင်း၊

(ဂ) ဗဟိုကောင်စီ၊ ပြည်ထောင်စုနယ်မြေ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်အသင်းနှင့် အသင်းခွဲပိုင် ငွေ သို့မဟုတ် ပစ္စည်းများကို အလွဲသုံးစားပြုခြင်း၊

(ဃ) ဗဟိုကောင်စီ၊ ပြည်ထောင်စုနယ်မြေ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်အသင်းနှင့် အသင်းခွဲ၏ လုပ်ငန်းများကို ဟန့်တားခြင်း၊ ဖျက်ဆီးခြင်း၊ နှောင့်ယှက်ခြင်း၊

(င) ဗဟိုကောင်စီ သို့မဟုတ် သက်ဆိုင်ရာအလုပ်အမှုဆောင်အဖွဲ့၏ ဂုဏ်သိက္ခာကို ထိခိုက်စေရန် ပြုမူဆောင်ရွက်ခြင်း။

၂၁။ မြို့နယ်အသင်း သို့မဟုတ် အသင်းခွဲများ၏ အသင်းသားဖြစ်ခြင်းနှင့် အသင်းသားအဖြစ်မှ ရပ်စဲခြင်းကို သက်ဆိုင်ရာမြို့နယ်အသင်း သို့မဟုတ် အသင်းခွဲ၏ အလုပ်အမှုဆောင်အဖွဲ့က ဆုံးဖြတ်ရမည်။

၂၂။ ပုဒ်မ ၂၁ အရ ချမှတ်သည့် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဗဟိုကောင်စီသို့ အယူခံနိုင်သည်။

၂၃။ (က) ဗဟိုကောင်စီသည် ပုဒ်မ ၂၂ အရ အယူခံမှုအပေါ် အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ခ) ဗဟိုကောင်စီက ချမှတ်သည့် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း (၅)
## တာဝန်နှင့် လုပ်ပိုင်ခွင့်

၂၄။ ဗဟိုကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ရွေးကောက်တင်မြှောက်ခြင်း၊

(ခ) အသင်းသားအဖြစ် လက်ခံခြင်း၊ ဝင်ကြေး၊ နှစ်စဉ်ကြေးတို့နှင့်စပ်လျဉ်း၍ သတ်မှတ်ခြင်း၊

(ဂ) အသင်းသားများလိုက်နာရမည့် စည်းကမ်းများနှင့် ကျင့်ဝတ်များကို သတ်မှတ်ခြင်း၊

(ဃ) မြို့နယ်အသင်းများနှင့် အသင်းခွဲများက ဆောင်ရွက်ရမည့် ကျန်းမာရေး၊ လူမှုရေးနှင့် ပညာရေးဆိုင်ရာ လုပ်ငန်းများကို အခါအားလျော်စွာ သတ်မှတ်ပေးခြင်း၊

(င) ဗဟိုကောင်စီ၏ ရုံးအဖွဲ့ကို ဖွဲ့စည်းခြင်း၊ ဝန်ထမ်းများ ခန့်ထားခြင်းနှင့် လစာနှုန်းထားများ သတ်မှတ်ခြင်း၊

(စ) မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ကိုယ်စား ပဋိညာဉ်များ၊ သဘောတူစာချုပ်များ ချုပ်ဆိုခြင်းနှင့်စပ်လျဉ်း၍ စည်းကမ်းများကို သတ်မှတ်ပေးခြင်း၊

(ဆ) အကျိုးတူ၊ ရည်ရွယ်ချက်တူ လုပ်ငန်းများကို ဆောင်ရွက်ကြသည့် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများထံမှ ရရှိသည့် ရန်ပုံငွေများနှင့် ပစ္စည်းများကို စနစ်တကျစာရင်းထားရှိခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ဈ) သက်ဆိုင်ရာ မြို့နယ်အသင်း သို့မဟုတ် အသင်းခွဲ၏ ဆုံးဖြတ်ချက်အပေါ် အယူခံမှုကို ဆုံးဖြတ်ခြင်း၊

(ည) မိခင်နှင့်ကလေးများ အပါအဝင် မိသားစုများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့်သက်ဆိုင်သော ကိစ္စရပ်များကို ကူညီဆောင်ရွက်ခြင်း။

၂၅။ ဗဟိုကောင်စီသည် ပုဒ်မ ၂၂ အရ တင်သွင်းလာသော အယူခံမှုများကို ဆုံးဖြတ်ရမည်။

၂၆။ (က) ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် ဗဟိုကောင်စီနှစ်ပတ်လည်အစည်းအဝေး သို့မဟုတ် ပုံမှန်အစည်းအဝေးများ ကျင်းပချိန်မဟုတ်သည့်အခါ ပုဒ်မ ၂၄ နှင့် ပုဒ်မ ၂၅ တို့ပါ ဗဟိုကောင်စီ၏ တာဝန်ဝတ္တရားများကို တာဝန်ခံဆောင်ရွက်ရမည်။ ယင်းဆောင်ရွက်ချက်များကို အနီးကပ်ဆုံး ဗဟိုကောင်စီအစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

(ခ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် ဗဟိုကောင်စီက ချမှတ်ထားသည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ဂ) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့သည် မြို့နယ်အသင်းနှင့် အသင်းခွဲများ၏လုပ်ငန်းများကို အထောက်အကူပြုရမည်။

(ဃ) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့သည် ဗဟိုကောင်စီက အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်ရမည်။

(င) ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့သည် ခရိုင်အတွင်းရှိ မြို့နယ်အသင်းနှင့် အသင်းခွဲများ၏ လုပ်ငန်းများကို အထောက်အကူပြုရမည်ဖြစ်ပြီး ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်ရမည်။

## အခန်း (၆)
## ဘဏ္ဍာရေး

၂၇။ ဗဟိုကောင်စီ၊ ပြည်ထောင်စုနယ်မြေ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်အသင်းနှင့် အသင်းခွဲ အသီးသီးသည် -

(က) အမြတ်အစွန်းကို မရည်ရွယ်သည့် အဖွဲ့အစည်းအဖြစ် ဆောင်ရွက်ရမည့်အပြင် မိမိရန်ပုံငွေဖြင့် ရပ်တည်ရမည်။

(ခ) ရငွေများကို ဘဏ်တွင် ငွေစာရင်းဖွင့်လှစ်၍ အပ်နှံထားရမည်။ ဘဏ်ရှိငွေများကို မိခင်နှင့် ကလေးစောင့်ရှောက်ရေး လုပ်ငန်းများအတွက် လိုအပ်ပါက သုံးစွဲပိုင်ခွင့်ရှိသည်။ လတ်တလော အသုံးပြုရန် မလိုအပ်သည့် ရန်ပုံငွေကို တိုးပွားအောင် ငွေစုလက်မှတ်ဝယ်ယူနိုင်သည်။

(ဂ) ငွေစာရင်းများကို စနစ်တကျထားရှိခြင်းနှင့် ထိန်းသိမ်းခြင်းပြုရမည်။

(ဃ) ရန်ပုံငွေရှာဖွေခြင်း၊ ငွေကြေးသုံးစွဲခြင်း၊ သုံးစွဲခွင့်ရယူခြင်းတို့နှင့်စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်း များတွင် သတ်မှတ်သည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

(င) ဘဏ္ဍာရေးနှစ်အတွင်း ရငွေသုံးငွေစာရင်းများကို စာရင်းစစ်အား စစ်ဆေးစေခြင်း၊ စာရင်း ရှင်းတမ်းကို ရေးဆွဲပြုစုစေခြင်း ပြုရမည်။

၂၈။ ဗဟိုကောင်စီ၊ ပြည်ထောင်စုနယ်မြေ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့သည် မိမိအဖွဲ့ပိုင် နိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်းဖွင့်လှစ်ထားရှိ၍ မိခင်၊ ကလေးနှင့် မိသားစုစောင့်ရှောက်ရေးလုပ်ငန်းအတွက် တည်ဆဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲခွင့်ရှိသည်။

၂၉။ ဗဟိုကောင်စီ၊ ပြည်ထောင်စုနယ်မြေမိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်အသင်းနှင့် အသင်းခွဲတို့၏ စာရင်းများထားရှိခြင်း၊ စာရင်းစစ်ဆေးခြင်းတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာစာရင်းစစ်ရုံး၏ စစ်ဆေးခြင်းကို ခံယူရမည်။

၃၀။ ဗဟိုကောင်စီ၊ ပြည်ထောင်စုနယ်မြေမိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်အသင်းနှင့် အသင်းခွဲတို့၏ ဘဏ္ဍာရေးနှစ်သည် ပြည်ထောင်စုအစိုးရ၏ ဘဏ္ဍာရေးနှစ်အတိုင်း ဖြစ်သည်။

## အခန်း (၇)
## အထွေထွေ

၃၁။ ဤဥပဒေနှင့်အညီ ဖွဲ့စည်းသော ဗဟိုကောင်စီ၊ ပြည်ထောင်စုနယ်မြေမိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်အသင်းနှင့် အသင်းခွဲတို့မှအပ ယင်းတို့၏ အမည်ကိုလည်းကောင်း၊ အလားတူ အမည်ကိုလည်းကောင်း သုံးစွဲ၍ တစ်စုံတစ်ရာ ပြုလုပ်လျှင် တည်ဆဲ ဥပဒေတစ်ရပ်ရပ်ဖြင့် အရေးယူခြင်းခံရမည်။

၃၂။ ဗဟိုကောင်စီ၊ ပြည်ထောင်စုနယ်မြေ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်အသင်းနှင့် အသင်းခွဲအသီးသီးသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်တို့ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲဆိုခံနိုင်ခွင့်ရှိစေရမည်။

၃၃။ အသင်းသားတို့၏ လိုက်နာရမည့် စည်းကမ်းများနှင့် ကျင့်ဝတ်များသည်လည်းကောင်း၊ စည်းကမ်းနှင့် ကျင့်ဝတ်ဖောက်ဖျက်သူ အသင်းသားများအား စုံစမ်းအရေးယူခြင်းဆိုင်ရာ ကိစ္စများသည်လည်းကောင်း ဗဟိုကောင်စီက သတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်။

၃၄။ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် ဥပဒေအရ ဖွဲ့စည်းခဲ့သော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော်ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၊ ခရိုင်အလုပ်အမှုဆောင် အဖွဲ့၊ မြို့နယ်အသင်းနှင့် မြို့နယ်အသင်းခွဲတို့သည် ဤဥပဒေအရ သက်ဆိုင်ရာအဖွဲ့အစည်း ဖွဲ့စည်းပြီးသည် အထိ တာဝန်ထမ်းဆောင်ရမည်။

၃၅။ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေ (၁၉၉၀ ပြည့်နှစ်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၂၁။) အရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဗဟိုကောင်စီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၇။ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေ (၁၉၉၀ ပြည့်နှစ်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၂၁။) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၈၂/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၄ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်)

**အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ**

**ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ဥပဒေ** (၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၅။) အား ပြည်ထောင်စုလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ
## (၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၅။)

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၄ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တက္ကသိုလ်**ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို ဆိုသည်။

(ခ) **ထေရဝါဒ**ဆိုသည်မှာ ပထမသင်္ဂါယနာမှ ဆဋ္ဌသင်္ဂါယနာအထိ သင်္ဂါယနာခြောက်တန်တင်ထားသော ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ အစရှိသည့် ဗုဒ္ဓ ဟောကြားတော်မူခဲ့သည်များကို ပြောင်းလဲမှုမရှိဘဲ သန့်ရှင်းစွာ တည်တံ့စေရန် ထိန်းသိမ်းထားသည့် ပိဋကတ်တော်လာ ဖော်ပြချက်များကို ဆိုသည်။

(ဂ) **ဩဝါဒါစရိယအဖွဲ့**ဆိုသည်မှာ တက္ကသိုလ်၏ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဩဝါဒချီးမြှင့်နိုင်ရန် ဤဥပဒေအရ ဖွဲ့စည်းသည့် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဩဝါဒါစရိယ အဖွဲ့ကို ဆိုသည်။

(ဃ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(င) **ဝန်ကြီးဌာန**ဆိုသည်မှာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကို ဆိုသည်။

(စ) **ကောင်စီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကောင်စီကို ဆိုသည်။

(ဆ) **ဝန်ထမ်းဖွဲ့စည်းပုံ**ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဝန်ထမ်းဖွဲ့စည်းပုံကို ဆိုသည်။

## အခန်း (၂)
## အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် တည်ထောင်ခြင်း

၃။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁၀/၉၈) ဖြင့် တည်ထောင်ခဲ့သည့် တက္ကသိုလ်ကို ဤဥပဒေအရ ဆက်လက်ထားရှိရမည်။

၄။ တက္ကသိုလ်သည် အောင်လက်မှတ်၊ ဒီပလိုမာလက်မှတ်၊ ဘွဲ့၊ မဟာဘွဲ့၊ ပါရဂူဘွဲ့နှင့် တက္ကသိုလ်ပညာဆိုင်ရာ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့များ ချီးမြှင့်ခွင့်ရှိသည်။

၅။ တက္ကသိုလ်သည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ခွင့်၊ စဉ်ဆက်မပြတ်ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့် ရှိစေရမည်။

၆။ တက္ကသိုလ်သည် ပြည်တွင်း ပြည်ပတို့၌ ယင်း၏ကြီးကြပ်မှုအောက်ရှိ ဆက်သွယ် ပေါင်းကူးဆောင်ရွက်နိုင်သော ထေရဝါဒဗုဒ္ဓသာသနာပြုကောလိပ်၊ သင်တန်းကျောင်းနှင့် တရားစခန်းများကို လိုအပ်သလို ဖွဲ့စည်းတည်ထောင်နိုင်သည်။

၇။ တက္ကသိုလ်သည် ပြည်တွင်း ပြည်ပရှိ ဗုဒ္ဓဘာသာဆိုင်ရာတက္ကသိုလ်များ၊ ပညာရေးအဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် အပြန်အလှန် ပူးပေါင်းဆက်သွယ်ဆောင်ရွက်နိုင်သည်။

## အခန်း (၃)

## ရည်မှန်းချက်များ

၈။ တက္ကသိုလ်၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ထေရဝါဒဗုဒ္ဓသာသနာတော် ကမ္ဘာတစ်ဝန်းလုံးတွင် ပြန့်ပွားစေရန်၊

( ခ ) သင်္ဂါယနာခြောက်တန်တင် ထေရဝါဒပိဋကတ်စာပေများကို မူရင်းအတိုင်း သင်ယူခွင့်ရရှိပြီး လိုက်နာကျင့်သုံးနိုင်စေရန်၊

( ဂ ) အကုသိုလ်ဖြစ်စေမည့် ဒုစရိုက်မှုများကို သိရှိရှောင်ကြဉ်၍ ကုသိုလ်ဖြစ်စေမည့် သုစရိုက်မှုများကို သိရှိဖြည့်ဆည်း ကျင့်သုံးနိုင်စေရန်၊

(ဃ) ကမ္ဘာတစ်ဝန်းလုံးတွင် ပြဟ္မစိုရ်တရားထွန်းကား၍ ငြိမ်းချမ်းသာယာသည့် လူ့ဘောင်လောကကြီး ဖြစ်လာနိုင်စေရန်၊

( င ) ပရိယတ္တိဆိုင်ရာ ပိဋကတ်စာပေ ကျွမ်းကျင်နှံ့စပ်၍ ပဋိပတ္တိဆိုင်ရာ အကျင့်သီလပြည့်စုံသော သာသနာပြုပုဂ္ဂိုလ်များ တိုးပွားလာစေရန်၊

( စ ) ထေရဝါဒ ပိဋကတ်တော်များကို မူရင်းအတိုင်း လေ့လာသင်ယူလိုသည့် ပြည်တွင်း ပြည်ပမှ သင်တန်းသားများအား လေ့ကျင့်သင်ကြားပေးနိုင်ရန်၊

(ဆ) ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားရေးအတွက် ပြည်တွင်း ပြည်ပရှိ ဗုဒ္ဓဘာသာဆိုင်ရာ တက္ကသိုလ်များ၊ တက္ကသိုလ်၏ရည်မှန်းချက်ကို အထောက်အကူပြုစေမည့် အခြားတက္ကသိုလ်များနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်စေရန်၊

( ဇ ) ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားထွန်းကားရေးအတွက် နိုင်ငံတကာသို့ သာသနာပြုစေလွှတ်နိုင်ရန်။

## အခန်း (၄)

## ဩဝါဒါစရိယအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၉။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဩဝါဒါစရိယအဖွဲ့ကို အောက်ပါ ဆရာတော်ကြီးများဖြင့် ဖွဲ့စည်းသည် -

(က) ဥက္ကဋ္ဌ<br>နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ — ဥက္ကဋ္ဌ

( ခ ) အကျိုးတော်ဆောင်<br>နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ — ဒုတိယဥက္ကဋ္ဌ

( ဂ ) ဒုတိယဥက္ကဋ္ဌ ခြောက်ပါး<br>နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ — အဖွဲ့ဝင်

(ဃ) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ<br>အုပ်ချုပ်ရေးဇဟိုအဖွဲ့ဝင်ဖြစ်ပြီး နိုင်ငံတော်သံဃမဟာနာယက<br>အဖွဲ့ဝင်လည်းဖြစ်သော ဆရာတော် သုံးပါး — အဖွဲ့ဝင်

( င ) ပါမောက္ခချုပ်<br>နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) — အဖွဲ့ဝင်

( စ ) ပါမောက္ခချုပ်<br>နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) — အဖွဲ့ဝင်

(ဆ) အဓိပတိ<br>သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် (စစ်ကိုင်းမြို့) — အဖွဲ့ဝင်

( ဇ ) မဟာဌာနမှူးဆရာတော် လေးပါး<br>အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် — အဖွဲ့ဝင်

(ဈ) ပါမောက္ခချုပ် အတွင်းရေးမှူး
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

(ည) ဒုတိယပါမောက္ခချုပ်ဆရာတော် တွဲဖက်အတွင်းရေးမှူး
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

၁၀။ ဩဝါဒါစရိယအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တက္ကသိုလ် ပညာရေးကို ထေရဝါဒပိဋကတ်တော်နှင့်အညီ ဖြစ်စေရန် ကြပ်မတ်၍ ဩဝါဒချီးမြှင့်ခြင်း၊

(ခ) တက္ကသိုလ်တွင် ပညာသင်ကြားပို့ချသူများ အဆင့်မြင့်မား တိုးတက်လာစေရန် ဩဝါဒချီးမြှင့်ခြင်း၊

(ဂ) ကောင်စီ၏ လိုအပ်ချက်များကို ဩဝါဒချီးမြှင့်ခြင်း၊

(ဃ) ကောင်စီအရေးပေါ်အစည်းအဝေးခေါ်ယူရန် လိုအပ်ပါက ညွှန်ကြားခြင်း။

၁၁။ ဩဝါဒါစရိယအဖွဲ့၏ ဥက္ကဋ္ဌသည် တက္ကသိုလ်၏ အဓိပတိဖြစ်ပြီး ဒုတိယဥက္ကဋ္ဌသည် တက္ကသိုလ်၏ ဒုတိယအဓိပတိ ဖြစ်သည်။

၁၂။ ဩဝါဒါစရိယအဖွဲ့ အစည်းအဝေးကို ခြောက်လလျှင်တစ်ကြိမ် ကျင်းပပြုလုပ်ရမည်။

## အခန်း (၅)
## ကောင်စီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၃။ အစိုးရအဖွဲ့သည် တက္ကသိုလ်၏ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကောင်စီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(က) ပါမောက္ခချုပ် နာယက
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

(ခ) ဒုတိယပါမောက္ခချုပ် (သင်ကြား) နှင့် မဟာဌာနမှူးများ နာယကအဖွဲ့ဝင်
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

(ဂ) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ဃ) ဒုတိယဝန်ကြီး ဒုတိယဥက္ကဋ္ဌ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(င) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(စ) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အဖွဲ့ဝင်
တာဝန်ပေးအပ်သော လူပုဂ္ဂိုလ် ပညာရှင်များ

(ဆ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သာသနာရေးဦးစီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

(ဈ) ဒုတိယအမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ည) ဒုတိယပါမောက္ခချုပ် (စီမံ) အတွင်းရေးမှူး
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

၁၄။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်သည် ကောင်စီက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၁၅။ သြဝါဒါစရိယအဖွဲ့ အစည်းအဝေး ကျင်းပပြီးသည့်နောက်တွင် ကောင်စီအစည်းအဝေးကို ဆက်လက်ကျင်းပရမည်။ လိုအပ်ပါက အရေးပေါ် အစည်းအဝေး ခေါ်ယူကျင်းပနိုင်သည်။

၁၆။ ကောင်စီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သြဝါဒါစရိယအဖွဲ့ထံမှ သြဝါဒခံယူခြင်း၊

(ခ) သြဝါဒါစရိယအဖွဲ့ အစည်းအဝေးများ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ဂ) တက္ကသိုလ်ပညာရေးဆိုင်ရာမူဝါဒ ချမှတ်ခြင်း၊

(ဃ) တက္ကသိုလ်ကို ခေတ်မီ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊

(င) တက္ကသိုလ်ပညာရေးနှင့်သက်ဆိုင်သည့် သုတေသနလုပ်ငန်းများနှင့် သင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ရန် သတ်မှတ်ပေးခြင်း၊

(စ) တက္ကသိုလ်အုပ်ချုပ်ရေးနှင့်သက်ဆိုင်သည့် စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန် သတ်မှတ်ပေးခြင်း၊

(ဆ) တက္ကသိုလ်က အပ်နှင်းမည့် အောင်လက်မှတ်၊ ဒီပလိုမာလက်မှတ်၊ ဘွဲ့၊ မဟာဘွဲ့၊ ပါရဂူဘွဲ့နှင့် တက္ကသိုလ်ပညာရပ်ဆိုင်ရာ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့များ သတ်မှတ်ခြင်း၊ ယင်းတို့အတွက် သင်တန်းအမျိုးအစားနှင့် သင်တန်းကာလများ သတ်မှတ်ခြင်း၊

(ဇ) တက္ကသိုလ်တွင် လက်ခံသင်ကြားမည့် သင်တန်းသားဦးရေ သတ်မှတ်ခြင်း၊

(ဈ) တက္ကသိုလ်ဝင်ခွင့် အရည်အချင်း သတ်မှတ်ခြင်း၊

(ည) တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်မည့် ဆရာများ၏ အရည်အချင်း သတ်မှတ်ခြင်း၊

(ဋ) တက္ကသိုလ် စာမေးပွဲများနှင့်စပ်လျဉ်း၍ ညွှန်ကြားခြင်း၊

(ဌ) တက္ကသိုလ်၏ ပညာသင်ဆု၊ ပညာရပ်ဆိုင်ရာ ထူးချွန်ဆုများကို သတ်မှတ်ခြင်း၊

(ဍ) တက္ကသိုလ်၏ စီမံခန့်ခွဲရေးလုပ်ငန်းကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဎ) တက္ကသိုလ်၏ ကြီးကြပ်မှုအောက်ရှိ ထေရဝါဒဗုဒ္ဓသာသနာပြုကောလိပ်၊ သင်တန်းကျောင်းနှင့် တရားစခန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဏ) လိုအပ်သော ကျွမ်းကျင်မှုအကူအညီ၊ အခြားအကူအညီများနှင့် အကြံဉာဏ်များကို အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များထံမှ ရယူခြင်း၊

(တ) တက္ကသိုလ်ရှိ အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကို စိစစ်သုံးသပ်ခြင်း၊

(ထ) သင်ကြားရေးနှင့် သုတေသနပြုရေးလုပ်ငန်းများအတွက် လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(ဒ) တက္ကသိုလ်အတွက် စာကြည့်တိုက်၊ ပြတိုက်များကို တည်ထောင်ခြင်း၊

(ဓ) သတင်းအချက်အလက်များ ဖြန့်ချိခြင်းနှင့် လက်ခံထိန်းသိမ်းခြင်းတို့အတွက် လိုအပ်သည့် နည်းပညာများ ရရှိစေရန် စီစဉ်ဆောင်ရွက်ခြင်း၊

(န) တက္ကသိုလ်၏ ရည်မှန်းချက်ကို အထောက်အကူပြုစေမည့် အခြားတက္ကသိုလ်များ၊ ပညာရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ပ) တက္ကသိုလ်ပိုင် ရန်ပုံငွေများ၊ အဆောက်အဦနှင့် ပစ္စည်းများကို သတ်မှတ်ချက်နှင့်အညီ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ဖ) တက္ကသိုလ်သို့ လှူဒါန်းသော ငွေကြေး၊ ပစ္စည်းနှင့် အခြားအကူအညီများကို လက်ခံခြင်း၊ သတ်မှတ်ချက်နှင့်အညီ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ဗ) ဤဥပဒေအရ ရဟန်းတော်များနှင့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော လူပုဂ္ဂိုလ်ပညာရှင်များကို ခန့်အပ်ရာတွင် တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့က အဆိုပြုရွေးချယ်သူကို ကောင်စီအစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက်ဖြင့် ခန့်အပ်ခြင်း၊

(ဘ) တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း။

## အခန်း (၆)
## ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်

၁၇။ တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ် (သင်ကြား) တို့ကို ခန့်အပ်ရာတွင် ဩဝါဒါစရိယအဖွဲ့၏ အတည်ပြုချက်ရယူ၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက ခန့်အပ်ရမည်။

၁၈။ တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ် (သင်ကြား) တို့၏ ဂုဏ်အင်္ဂါအရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သက်တော် ၅၀ နှစ်၊ သိက္ခာတော် ၃၀ ဝါပြည့်ပြီး ဖြစ်ရမည်။

(ခ) ပါရဂူဘွဲ့ ရရှိပြီးဖြစ်ရမည်။

(ဂ) အင်္ဂလိပ်ဘာသာ ကျွမ်းကျင်ရမည်။

(ဃ) အောက်ဖော်ပြပါ ပရိယတ္တိစာမေးပွဲများအနက် အနည်းဆုံး သုံးခု အောင်မြင်ရမည် -

(၁) သာသနဓဇဓမ္မာစရိယ သို့မဟုတ် သာသနတက္ကသီလ မဟာဓမ္မာစရိယ၊

(၂) သာသနဓဇသိရီပဝရဓမ္မာစရိယ သို့မဟုတ် ပါဠိပါရဂူ၊

(၃) ပရိယတ္တိသာသနဟိတဓမ္မာစရိယ၊ သကျသီဟ၊

(၄) စေတီယင်္ဂဏ ပရိယတ္တိဓမ္မာစရိယဂဏဝါစက။

(င) ရဟန်းရှင်လူတို့ လေးစားထိုက်သော ကျမ်းစာအုပ်ကို ရေးသားပြုစုဖူးသော ဆရာတော် ဖြစ်ရမည်။

(စ) အောက်ဖော်ပြပါ ဂုဏ်အင်္ဂါအရည်အချင်းများနှင့်ပြည့်စုံရမည် -

(၁) ရှပ်ဆင်းအင်္ဂါ ပြည့်စုံခြင်း "ဥပဓိသမ္ပတ္တိဂုဏ်"၊

(၂) တည်ငြိမ်ရင့်ကျက်ခြင်း "ထိရဂုဏ်"၊

(၃) လောကီလောကုတ္တရာ ဗဟုသုတကြွယ်ဝခြင်း "ဗဟုသစ္စဂုဏ်"၊

(၄) ကျန်းမာကြံ့ခိုင်ခြင်း "အာရောဂျဂုဏ်"၊

(၅) ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ပြည့်စုံခြင်း "အာရဒ္ဓဝီရိယဂုဏ်"၊

(၆) ထက်မြက်၊ နိုးကြား၊ သနား၊ သည်းခံ၊ ဝေဖန်၊ ထောက်ရှုခြင်းများနှင့် ပြည့်စုံခြင်း "နာယကဂုဏ်"၊

(၇) နည်းပရိယာယ် ကျွမ်းကျင်မှုဂုဏ် "ဥပါယကောသလ္လဂုဏ်"၊

(၈) မိမိမှားမှန်းသိလျှင် အလျှော့ပေးခြင်း "သောဝစဿတာဂုဏ်"။

(ဆ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တိုင်းရင်းသားမိဘနှစ်ပါးမှ ဖွားမြင်သူဖြစ်ရမည့်အပြင် ရဟန်းရှင်လူအများ၏ ရိုသေလေးစားမှုကို ခံယူထိုက်သော ဆရာတော်ဖြစ်ရမည်။

(ဇ) တက္ကသိုလ်၏စီမံခန့်ခွဲရေး၊ သင်ကြားရေး အစရှိသည့် လုပ်ငန်းအရပ်ရပ်ကို ဦးစီးပေးဆောင်ရွက်နိုင်သော ဆရာတော်ဖြစ်ရမည်။

၁၉။ (က) တက္ကသိုလ်ပါမောက္ခချုပ်သည် အောင်လက်မှတ်၊ ဒီပလိုမာလက်မှတ်၊ ဘွဲ့၊ မဟာဘွဲ့၊ ပါရဂူဘွဲ့နှင့် တက္ကသိုလ်ပညာရပ်ဆိုင်ရာ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့များကို ချီးမြှင့်အပ်နှင်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ လက်မှတ်နှင့်ဘွဲ့များ ချီးမြှင့်အပ်နှင်းချိန်တွင် ပါမောက္ခချုပ် မတက်ရောက်နိုင်သည့်အခါ ပါမောက္ခချုပ်ကိုယ်စား ဒုတိယပါမောက္ခချုပ် ဆရာတော်က လက်မှတ်နှင့်ဘွဲ့များကို ချီးမြှင့်အပ်နှင်းနိုင်သည်။

၂၀။ ကောင်စီသည် တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ် (သင်ကြား) တို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

၂၁။ တက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ) ကို နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများနှင့်အညီ ခန့်အပ်ရမည်။

၂၂။ တက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ) ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ထေရဝါဒဗုဒ္ဓဘာသာဝင်ဖြစ်ပြီး အဘိဓမ္မာအခြေခံရှိရမည်။

(ခ) အသက် ၄၀ နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။

(ဂ) အောက်ပါ သတ်မှတ်ချက်တစ်ရပ်ရပ်နှင့် ပြည့်စုံရမည် -

(၁) တက္ကသိုလ်တွင် ပါမောက္ခရာထူးဖြင့် လုပ်သက်အနည်းဆုံး ငါးနှစ် ပြည့်ပြီးသူ၊

(၂) ဝန်ကြီးဌာနတွင် ညွှန်ကြားရေးမှူးရာထူးဖြင့် လုပ်သက်အနည်းဆုံး ငါးနှစ် ပြည့်ပြီးသူ၊

(၃) အခြားတက္ကသိုလ်တစ်ခုခုတွင် ပါမောက္ခရာထူးဖြင့် အနည်းဆုံး ငါးနှစ် တာဝန်ထမ်းဆောင်ခဲ့သူ။

## အခန်း (၇)
## ပညာရေးအဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်း

၂၃။ တက္ကသိုလ်၏ ပညာသင်ကြားရေးလုပ်ငန်းနှင့် စီမံခန့်ခွဲရေးလုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန် ကောင်စီသည် သတ်မှတ်ချက်နှင့်အညီ အောက်ပါအဖွဲ့များကို သင့်လျော်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(က) တက္ကသိုလ် ပညာရေးအဖွဲ့၊

(ခ) တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့။

၂၄။ တက္ကသိုလ်ပညာရေးအဖွဲ့တွင် ပါဝင်သော နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဖွဲ့ဝင်သည် ကောင်စီကသတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၂၅။ တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့သည် အနည်းဆုံး နှစ်လလျှင် တစ်ကြိမ်အစည်းအဝေးပြုလုပ်၍ သက်ဆိုင်ရာလုပ်ငန်းတာဝန်များကို ညှိနှိုင်းဆုံးဖြတ်ပြီး အနီးကပ်ဆုံးကောင်စီအစည်းအဝေးသို့ တင်ပြပြီးအတည်ပြုချက် ရယူရမည်။

## အခန်း (၈)
## တက္ကသိုလ် ဝန်ထမ်းဖွဲ့စည်းပုံ

၂၆။ ဝန်ကြီးဌာနသည် တက္ကသိုလ်၏ ရည်မှန်းချက်များနှင့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဝန်ထမ်းဖွဲ့စည်းပုံ ရေးဆွဲထားရှိရမည်။

၂၇။ ဝန်ကြီးဌာနသည် ဝန်ထမ်းဖွဲ့စည်းပုံတွင်ပါရှိသည့် ရာထူးများအလိုက် လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

၂၈။ ဝန်ထမ်းဖွဲ့စည်းပုံအရ ခန့်အပ်ခြင်းခံရသည့် -

(က) ရဟန်းတော်များသည် ကောင်စီကသတ်မှတ်သည့် လှူဒါန်းထောက်ပံ့မှုကို လက်ခံခွင့်ရှိသည်။

(ခ) နိုင်ငံ့ဝန်ထမ်း မဟုတ်သူများသည် ကောင်စီကသတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

## အခန်း (၉)

## ဘဏ္ဍာရေး

၂၉။ တက္ကသိုလ်၏ ကုန်ကျစရိတ်များကို နိုင်ငံတော်၏ဘဏ္ဍာငွေမှ ကျခံသုံးစွဲရမည်။

၃၀။ တက္ကသိုလ်သည် ပြည်တွင်း ပြည်ပ အလှူရှင်များထံမှ အလှူငွေများ၊ ပစ္စည်းများနှင့် အခြားအကူအညီများကို လက်ခံနိုင်သည်။

၃၁။ တက္ကသိုလ်သည် ရငွေနှင့် သုံးငွေများကို တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ လက်ခံခြင်း၊ သုံးစွဲခြင်းနှင့် စာရင်းထိန်းသိမ်းထားရှိခြင်းများ ပြုလုပ်ရမည်။

၃၂။ တက္ကသိုလ်သည် အလှူရန်ပုံငွေပဒေသာပင်ထူထောင်ပြီး နိုင်ငံတော်က အခါအားလျော်စွာ ချမှတ်ထားသည့် ရန်ပုံငွေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကိစ္စရပ်တစ်ခုစီအတွက် လိုအပ်ချက်နှင့်အညီ ခွဲဝေသုံးစွဲနိုင်သည်။

၃၃။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ပေးအပ်သော စာရင်းစစ်အဖွဲ့ဖြင့် တက္ကသိုလ်၏ ငွေစာရင်းများနှင့် ပစ္စည်းစာရင်းများကို နှစ်စဉ်ပုံမှန် စစ်ဆေးခံရမည်။ လိုအပ်ချက်ရှိပါက လိုအပ်ချက်နှင့်အညီ စစ်ဆေးခံရမည်။

## အခန်း (၁၀)

## အထွေထွေ

၃၄။ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၁၀/၉၈) အရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ကောင်စီသည် အမိန့်၊ ညွှန်ကြားချက်နှင့် တက္ကသိုလ်ပဋိညာဉ်ကို ထုတ်ပြန်နိုင်သည်။

၃၆။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၁၀/၉၈) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး

## (၁၇) ရက်မြောက်နေ့မှတ်တမ်း

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၃ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)

(ကြာသပတေးနေ့)

**မြန်မာ့မီးရထားကဏ္ဍ အောင်မြင်ဦးမော့လာနိုင်စေရေးအတွက် လက်ရှိရင်ဆိုင်နေရသော အရှုံးများနှင့် ကျဆင်းနေရမှုတို့ကို ရပ်တန့်ကျော်လွှားပြီး ရှေးယခင် အစဉ်အလာကောင်းများရရှိခဲ့သည့် မြန်မာ့ မီးရထားကို ပြည်သူများ နှစ်ခြိုက်ချမ်းမြေ့စွာ ပြန်လည်အားပေးလာကြစေရေးအတွက် အစီအစဉ်ကောင်းများ ပြုလုပ်ဆောင်ရွက်ပေးရန် စီမံကိန်းများ ရှိ မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ** ။ ။ ယခု မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၆) မှ ဦးဖေတင် က မြန်မာ့မီးရထားကဏ္ဍ အောင်မြင်ဦးမော့လာနိုင်စေရေးအတွက် လက်ရှိရင်ဆိုင်နေရသော အရှုံးများနှင့် ကျဆင်းနေရမှုတို့ကို ရပ်တန့်ကျော်လွှားပြီး ရှေးယခင် အစဉ်အလာကောင်းများရရှိခဲ့သည့် မြန်မာ့မီးရထားကို ပြည်သူများ နှစ်ခြိုက်ချမ်းမြေ့စွာ ပြန်လည်အားပေးလာကြစေရေးအတွက် အစီအစဉ်ကောင်းများ ပြုလုပ်ဆောင်ရွက်ပေးရန် စီမံကိန်းများ ရှိ မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးဖေတင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၆)** ။ ။ ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသူအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၆) က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေတင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား ။ ။ ဥက္ကဋ္ဌကြီး ဖတ်ကြားသွားတဲ့အတိုင်းပါပဲ။ ကျွန်တော့်ရဲ့ မေးခွန်းက တစ်ချိန်တုန်းက အောင်မြင်ဦးမော့လာတဲ့ မြန်မာ့ရထား ကျရှုံးသွားတဲ့အကြောင်းကို ပြန်လည်ဦးမော့လာစေဖို့အတွက် ရည်ရွယ်ချက်အကြောင်းခံပြီး မေးရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား ။ ။ တစ်ခေတ်တစ်ခါတုန်းက ပြည်သူများက မြန်မာ့ရထားကို လွန်စွာအားကိုးပြီး မြန်မာ့မီးရထားဌာနကလည်း ခေတ်မီစက်ကောင်းခဲ့ပြီး တွဲသစ်ကြီးတွေ၊ ကြံ့ခိုင်တဲ့လမ်း၊ ဇလီဖားတုံးများဖြင့် ခရီးသွားများ သက်သာချောမွေ့ငြိမ့်ညောင်းတဲ့လမ်းကို ဖြစ်ပေါ်စေဖို့အတွက် ဝန်ဆောင်မှုကောင်းတွေ အထူးပေးခဲ့ပါတယ်။ ဂရုစိုက်ပြီး ပြေးဆွဲပေးခဲ့ပါတယ်။ တာဝန်ကျေပွန်မှု၊ လမ်းကို ချောမွေ့စေမှုတို့နှင့် မီးရထားများကိုလည်း ရွှေမန်းမေ၊ ဒဂုံမေ၊ ဒဂုံမန်း၊ ရွှေဒုံလေး အစရှိတဲ့ နာမည်လှလှ၊ တွဲလှလှများနှင့် မြန်မာ့မီးရထားကဏ္ဍ ဂုဏ်ယူဖွယ်ရာကောင်းတဲ့ အောင်မြင်တဲ့ခေတ်တစ်ခေတ် ရှိခဲ့ဖူးပါတယ်။ ခေတ်အဆက်ဆက် ပြောင်းလဲလာခြင်းနှင့်အတူ တစ်ဖက်က လမ်းပန်းဆက်သွယ်ရေးလုံခြုံကောင်းမွန်လာခြင်း၊ လမ်းတံတားတွေ တည်ဆောက်လာခြင်း၊ ခရီးလမ်းအလိုက် သယ်ယူပို့ဆောင်ရေး ယာဉ်လိုင်းများအပြိုင်အဆိုင်ပြေးဆွဲလာကြတဲ့အခါမှာ ပုဂ္ဂလိကယာဉ်များရဲ့ ဝန်ဆောင်ပေးမှု၊ အချိန်မှန်ကန်မှုနှင့် တခြားသော အကြောင်းများအရ ပုဂ္ဂလိကယာဉ်လိုင်းများ တိုးတက်များပြားလာတဲ့အချိန်မှာ ကျွန်တော့် မြန်မာတို့ရဲ့ မီးရထားက မီးရထားကဏ္ဍက တွဲများမကောင်းတော့ဘူး။ စက်ခေါင်းတွေ မကြာခဏပျက်တယ်၊ လမ်းတစ်လျှောက် ငြိမ့်ညောင်းစွာ မစီးရတော့ဘဲနဲ့ ချိုင့်စောင့်သလို စီးနေရတယ်၊ တွဲတွေမိုးယိုနေတယ်။ မီးပျက်တယ် စတဲ့ စိတ်မသက်သာ၊ လူမသက်သာ စီးနင်းနေရတဲ့ ဒီဒုက္ခကို ခရီးသွားတွေက အလွန်တရာကြောက်ရွံ့လို့လာပါတော့တယ်။

ဒီအတွက်ကြောင့် မြန်မာ့မီးရထားကို မှေးမှိန်သွားစေတဲ့ အချက်အလက်တွေကတော့ မီးရထားအောက်ခြေက ဝန်ထမ်းတွေ ရထားလက်မှတ် မှောင်ခိုရောင်းတာတို့၊ တွဲတွေကောင်းကောင်း မပြင်တာတို့၊ တွဲကို ပစ်စလက်ခတ်ထားတာတို့၊ အထက်တန်းတန်းမှာ သာမန်ခရီးသည်တွေ တက်ခိုင်းတာတို့ အစရှိသဖြင့် ရုပ်ပျက်ဆင်းပျက်ဖြစ်လာတာကို ဝမ်းနည်းစရာ တွေ့ကြုံရပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက နိုင်ငံတော်မှာ အဓိကကျတဲ့ ဌာနကြီးတစ်ခုအပါအဝင် ဖြစ်ပါတယ်။ နိုင်ငံရဲ့ ယန္တရားဒေါက်တိုင်အကျခံလို့မဖြစ်ပါဘူးခင်ဗျား။ ဒေါက်တိုင် ယိုင်နေခြင်းအားဖြင့် နိုင်ငံတော်အတွက် ထိခိုက်နိုင်တာတွေ၊ ပြည်သူတွေအားကိုးရာ သယ်ယူပို့ဆောင်ရေးရထားလမ်းမဟုတ်တော့ဘဲနဲ့ မီးရထားစီးဖို့ ဝန်လေးနေကြတဲ့

အဖြစ်မျိုးကို အဖြစ်မခံတော့ဘဲနဲ့ မီးရထားနှင့် ခရီးသွားခြင်းအားဖြင့် ခရီးသည်များ သက်သောင့်သက်သာ ချောင်ချောင်ချိချိ လေကောင်းလေသန့်များ ရှူရှိုက်ရပြီးတော့ လိုရာခရီးကို လုံခြုံချောမွေ့စွာနှင့် ရှေးယခင်က ခေတ်များကဲ့သို့ နိုင်ငံတော်ရဲ့ဘဏ္ဍာငွေကို ကောင်းစွာရှာဖွေပေးခဲ့တဲ့ ခေတ်တစ်ခေတ်ကို ပြန်လည်ရောက်ရှိနိုင်ဖို့အတွက် ပုံဖော်ပေးနိုင်ဖို့ အစီအစဉ်ကောင်းများ ရှိ မရှိ ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ** ။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၀၇။**

**ဦးသန့်စင်မောင် (ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဒုတိယဝန်ကြီးများ ခင်ဗျား။ ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းကြပါစေကြောင်း ပထမဦးစွာ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၆) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေတင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ မြန်မာ့မီးရထားကဏ္ဍ အောင်မြင်ဦးမော့လာနိုင်စေရေးအတွက် လက်ရှိ ရင်ဆိုင်နေရသော အရှုံးများနှင့်ကျရှုံးနေရမှုတို့ကို ရပ်တန့်ကျော်လွှားပြီး ရှေးယခင်အစဉ်အလာကောင်းများရရှိခဲ့တဲ့ မြန်မာ့မီးရထားကို ပြည်သူများနှစ်ခြိုက်ချမ်းမြေ့စွာ ပြန်လည်အားပေးလာကြစေရေးအတွက် အစီအစဉ်ကောင်းများ ပြုလုပ်ဆောင်ရွက်ပေးရန် စီမံကိန်းများ ရှိ မရှိနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ ဖြေကြားသွားမှာဖြစ်ပါတယ်။

မေးခွန်းက အင်မတန်ကြီးမားကျယ်ပြန့်ပြီးတော့ ပြောရမယ့်၊ ရှင်းပြရမယ့် အချက်အလက်တွေ အများကြီးဖြစ်တဲ့အတွက်ကြောင့် ကျွန်တော် အချိန်အနည်းငယ်ပိုမိုပြီးတော့ ယူပါရစေ။ ဒီဟာအတွက်လည်းပဲ လျင်မြန်စေခြင်းအကျိုးငှာ Power Point သုံးစွဲခွင့်ပြုပါရန် မေတ္တာရပ်ခံပါတယ်။ တကယ်တမ်း ဒီရထားရဲ့ လက်ရှိအချိန်၊ ကျွန်တော်တို့ တိုးတက်အောင်လုပ်မယ်ဆိုရင် ပေးထားတဲ့ ပေးထားချက်က Given Condition တွေက ဘာတွေလဲ၊ ဘာတွေလဲဆိုတာ ကျွန်တော်တို့ မပြောတော့ပါဘူး။ အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့ ပညာရှင်တွေရဲ့ လေ့လာသုံးသပ်ချက်ပါ။ အာရှဖွံ့ဖြိုးရေးဘဏ်ဟာ ၂၀၁၂ ခုနှစ်မှာ ကျွန်တော်တို့ နိုင်ငံကို ပြန်လည်ပြီးတော့ ဆက်သွယ်ကူညီထောက်ပံ့လာခဲ့တယ်။ အဲဒီအခါမှာ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ လုပ်တဲ့ Rail Sector Assessment Report မှာ ဘယ်လိုရေးထားလဲဆိုတော့ ရထားလမ်းအားလုံးဟာ အလျင်အမြန်ပြုပြင်ဖို့လိုအပ်နေပါတယ်လို့ သူကသုံးသပ်တာ။ Urgently needed For Rehabilitation ဆိုပြီးတော့ သူက ပြတ်ပြတ်သားသား ရေးထားပါတယ်။ ရထားလမ်းအားလုံးပါ။ အဲဒီမှာ သူပြောတဲ့ လုပ်ငန်းစဉ် (၅) ချက်ထဲမှာ လမ်းမကြီးမဟုတ်တဲ့ သိပ်ပြီးတော့ အရေးသိပ်မပါသေးတဲ့ Tertiary လမ်းတွေကို ပြန်ပြီးတော့ Rationalize လုပ်ပါ။ ရထားပြေးဆွဲမှု အခြေအနေကို စိစစ်တွက်ချက်ပါလို့ နံပါတ် (၁) ပြောပါတယ်။ အဲဒီနောက်မှာ လမ်းပိုင်း၊ စက်ခေါင်း၊ တွဲ၊ အချက်ပြစနစ်တွေကို အကျိုးရှိတဲ့ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ပါ။ အရင်တုန်းက Targeted Investment တွေ မရှိလို့ပါလို့ သူကဆိုပါတယ်။ စီမံခန့်ခွဲမှုမှာလည်း IT နည်းပညာကို သုံးပါ။ Reorganize ဖွဲ့စည်းမှုကိုပြင်ပါ။ ဘဏ္ဍာရေးစီမံမှုကို ပြင်ပါဆိုပြီးတော့ အဓိကလုပ်ငန်းကြီး (၅) ချက်ကို ပြောပါတယ်။

ဒီနေရာမှာ ဒီလိုဆိုရင် ကျွန်တော်တို့ ခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့အတိုင်း Economic Entity ကိုယ့်ဘာကိုယ် ရပ်တည်နိုင်သော၊ နိုင်ငံအပေါ်မှာ ဝန်ထုပ်ဝန်ပိုးမဖြစ်စေသော Economic Entity ကြီးဖြစ်လာအောင်လို့ ဘယ်တော့များ ဖြစ်မှာလဲဆရာရယ်ဆိုပြီးတော့ ကျွန်တော် ဩစတြေးလျက ADB Consultant Dickbullock ကို တွေ့တဲ့အခါ မေးပါတယ်။ မေးတော့ မင်းတို့နိုင်ငံကတော့ အနှစ် ၂၀ အထက်ကြာနိုင်တယ်ဆိုပြီးတော့ သူက အဲဒီလို သုံးသပ်ခဲ့ပါတယ်။ ဒီနေရာမှာ သူရဲ့သုံးသပ်ချက်က ဈေးကွက်မှာ ကျွန်တော်တို့ ဘယ်လောက်ဆုံးရှုံးသွားလဲဆိုတော့ ၁၉၉၀ ပြည့်နှစ်တုန်းက ရထားဟာ (၄၄) ရာခိုင်နှုန်းရှိပါတယ်။ ဒီဈေးကွက်မှာ သယ်ယူပို့ဆောင်မှုဈေးကွက်ကြီးတစ်ခုလုံးရဲ့ (၄၄) ရာခိုင်နှုန်းရှိပါတယ်။ ၂၀၁၃ ခုနှစ်ကျတော့ (၁၀) ရာခိုင်နှုန်းပဲကျန်တော့တယ်။ ခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြ

သွားတဲ့အတိုင်းပဲ ကားလမ်းတွေက ကောင်းလာတယ်။ ပုဂ္ဂလိကကားတွေရဲ့ကဏ္ဍ ဖွံ့ဖြိုးလာတဲ့အတွက်ကြောင့် သူက (၈၆) ရာခိုင်နှုန်းယူသွားပါတယ်။ အဲဒီမှာ ရေကြောင်းတို့ လေကြောင်းတို့ အကုန်ကျဆင်းသွားပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာ ဒီအတိုင်းသာသွားရင်၊ ဒီအတိုင်း ဘာမှမလုပ်ဘူးဆိုရင် ၂၀၂၅ ခုနှစ်ကျရင် ရထားက (၂) ရာခိုင်နှုန်းပဲ ကျန်ပြီးတော့ ရေကြောင်းက မရှိသလောက်ဖြစ်သွားပြီး လေကြောင်းကတော့ ပြန်တက်လာနိုင်သေးတယ်။ (၃) ရာခိုင်နှုန်းဆိုပြီးတော့သူတို့တွက်ပါတယ်။ အဲဒီမှာကုန်စည်ပို့ဆောင်ရေးကဏ္ဍဆိုရင်လည်းပဲ ၂၀၁၃ ခုနှစ်တုန်းကတော့ (၅) ရာခိုင်နှုန်းရှိသေးတယ်။ ၂၀၃၀ ပြည့်နှစ်မှာ ဒီအတိုင်းသာနေရင် ဘာမှမလုပ်ရင် (၁. ၅) ရာခိုင်နှုန်း ကုန်စည်စျေးကွက်ကရမှာဖြစ်ပြီးတော့ တကယ်တမ်းကောင်းအောင်လုပ်မယ်ဆိုရင် ၂၀၃၀ ပြည့်နှစ်မှာ (၇) ရာခိုင်နှုန်းနှင့် (၁၅) ရာခိုင်နှုန်းအကြား ရရှိလာနိုင်တယ်ဆိုပြီးတော့ ဒါ ADB ရဲ့ ပေးထားချက်ကို ကျွန်တော် ပြောတာပါ။

နောက်တစ်ချက်ကတော့ National Transport Master Plan ကို ဂျပန်နိုင်ငံ Assitance နဲ့ (၂) နှစ်တိတိ အချိန်ယူပြီးတော့ National Transport Master Plan ကို အရင်အစိုးရလက်ထက်မှာဆွဲခဲ့ပါတယ်။ အဲဒီအခါမှာ ပုံမှာပြထားတဲ့အတိုင်းပဲ အဓိကကျတာကတော့ Corridor Based Development ဒီ စင်္ကြံတစ်ခုချင်း တစ်ခုချင်းကို ကောင်းအောင်လုပ်ပြီးတော့ သွားရတယ်။ အဲဒီမှာ စင်္ကြံက အရေးကြီးဆုံးက တောင်-မြောက် ဗဟိုစင်္ကြံ အားလုံးသိတဲ့အတိုင်း ရန်ကုန်-မန္တလေး၊ မန္တလေး-မြစ်ကြီးနား ဆိုတဲ့ တကယ့် ကျောရိုးလမ်းမကြီးကို ကောင်းအောင်လုပ်၊ ရထားလမ်းလည်း ကောင်းအောင်လုပ်၊ ကားလမ်းလည်း ကောင်းအောင်လုပ်၊ ရေကြောင်းလည်း ကောင်းအောင်လုပ် ဆိုတဲ့ဟာမျိုး သူပြောပါတယ်။ နောက် အရှေ့-အနောက်စင်္ကြံ။ အရှေ့-အနောက်စင်္ကြံကတော့ Regional Connectivity ကျွန်တော်တို့ GMS နိုင်ငံတွေနဲ့ ဟိုဘက် ဒါနန်းကနေပြီးတော့ ဗီယက်နမ်နိုင်ငံ ဒါနန်းကနေပြီးတော့ လာအို Savvanket ဆက်လာတဲ့ အရှေ့-အနောက် စင်္ကြံကြီးဟာ အခု မဲဆောက်အထိရောက်ပြီး မဲဆောက်-မြဝတီကနေပြီးတော့သထုံ-ပဲခူး-သီလဝါအထိ လာအောင်လုပ်ရမယ်ဆိုတာ အဲဒါကတော့ ကျွန်တော်တို့ ကားလမ်းလုပ်ဖို့ ခက်သေးတဲ့အတွက်ကြောင့်မို့ အားလုံးကို ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီးတော့ အရှေ့-အနောက်စင်္ကြံ အခုသီလဝါအထိလုပ်ဖို့ရာ ADB နဲ့ ညှိနှိုင်းပြီးတော့ အခုဆိုရင် F/S တွေလုပ်နေတယ်။ ခုနက ADB ရဲ့ အထောက်အပံ့နဲ့ အိန္ဒိယ-ကော့ကရိတ်ကို ဖောက်နေတာ ဖြစ်ပါတယ်။ တစ်ခါ မြောက်ပိုင်းစင်္ကြံကတော့ မူဆယ်-လားရှိုး-မန္တလေး လမ်းပိုင်း ဖြစ်ပါတယ်။ ဒါကလည်း Regional Connectivity အတွက် အရေးကြီးတယ်။ Boder Trade လည်း အရေးကြီးတယ်။ ဒါ့ကြောင့် မူဆယ်-မန္တလေးမြောက်ပိုင်းစင်္ကြံကို တတိယဦးစားပေးလုပ်တယ်။ အဲဒီအတွက် လည်းပဲ မော်တော်ကားလမ်းလုပ်ဖို့ တကယ့် Chinese - Myanmar Economics Corridor နဲ့လည်း တစ်ဆက်တည်းဖြစ်တဲ့အတွက်ကြောင့် မြောက်ပိုင်းစင်္ကြံကို လုပ်ဖို့ဖြစ်ပါတယ်။

တစ်ခါ မြစ်ဝကျွန်းပေါ် စင်္ကြံလုပ်သင့်တယ်။ အနောက်ပိုင်း တောင်-မြောက်စင်္ကြံကလည်းပဲ ဧရာဝတီရဲ့ အနောက်ဘက်ခြမ်းရော၊ ဒီဘက်ကအရှေ့ဘက်ခြမ်းရောကိုလည်းလုပ်သင့်တယ်ဆိုပြီးတော့ လုပ်ထားပါတယ်။ ဒါပေမဲ့ အဲဒီမှာ ရထားလမ်းသက်သက် ဒီဟာတွေအတိုင်း လုပ်မယ်ဆိုရင် ဌာနအတွက် (၆. ၉)ဘီလီယံ အမေရိကန်ဒေါ်လာ ကုန်ကျပါမယ်ဆိုပြီးတော့ သူက လုပ်ငန်းပေါင်း (၁၄) ခု ဖော်ပြခဲ့ပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ ရှိနေတဲ့ ဘတ်ဂျက်အခြေအနေ၊ ရှိနေတဲ့ ဘဏ္ဍာရေးအခြေအနေတွေနဲ့ အားလုံး ညှိပြီးတော့ ဒီမှာ ဖော်ပြထားတဲ့အတိုင်းပဲ စီမံကိန်းနှင့် ကျွန်တော် အခု ဆောင်ရွက်နေပါတယ်။ အဲဒီတော့ ကျွန်တော် ဇယားကိုမဖတ်တော့ဘဲနဲ့ မြန်မြန်တစ်ခုချင်းသွားပါမယ်။ ရန်ကုန်-မန္တလေးလမ်းဟာ (၃၈၆) မိုင် ရှိတယ်။ အင်မတန်အရေးကြီးတဲ့ လမ်းကြောကြီးဖြစ်တယ်။ အဲဒီမှာ ဒီ ၂၀၁၅ ခုနှစ်ကတည်းက အရင်အစိုးရလက်ထက်ကတည်းက ဒီ သဘောတူခဲ့တယ်။ JICA နဲ့ သဘောတူခဲ့တယ်။ အဲဒါတွေကို ကျွန်တော်တို့ အကောင်အထည်ဖော်နေပါတယ်။ အဲဒီအခါ ဒီဟာပြီးသွားရင် (၈) နာရီနဲ့ ရောက်မယ်။ ကီလိုမီတာ (၁၀၀) မောင်းနိုင်မယ်။ ဝင်ရိုးဝင်ချိန်ဟာ အခုဆိုရင် (၁၂. ၅) တန် အဲဒီလို ဝင်ရိုးတစ်ချောင်းပေါ်မှာ (၁၂. ၅) တန်ပဲ တင်နိုင်ရာကနေပြီး တန် (၂၀) တင်နိုင်ရမယ်ဆိုရင် ဒါ ထိုင်းနိုင်ငံရဲ့ Standard Trans Asia Rail တကယ့် ကမ္ဘာ့အဆင့်သတ်မှတ်ထားတဲ့ Standard နဲ့ လာကိုက်တဲ့ လမ်းမျိုး လာပြီးတော့ဖြစ်မှာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီမှာ ကျွန်တော်တို့ အဲဒီလမ်းကြောင်းဖြစ်အောင် ၁၉၉၇ ခုနှစ်က သူတို့အဆိုပြုခဲ့တာ အခု

ကျွန်တော်တို့ ၂၀၁၇ ခုနှစ်မှာ စနိုင်တဲ့ဘဝရောက်တယ်။ ကျွန်တော်တို့ဘက်ကတော့ ကျွန်တော်တို့ မြန်မာဘက်က တာဝန်ဖြစ်သော လမ်းခင်းကျောက်တွေ စုပြီးပြီ။ ကွန်ကရစ်ဇလီဖားတွေ အခုထုတ်ထားတယ်။ ကျွန်တော်တို့ကြောင့်နောက်ကျတာမဖြစ်ရအောင် ကျွန်တော်တို့ ကြိုးစားဆောင်ရွက်နေပါတယ်။ သံလမ်းသူတို့ ထုတ်နေတယ်။ သံလမ်းတွေ မတ်လရောက်မယ်။ ရောက်တဲ့အခါမှာ စပြီးတော့ အမြန်ဆုံးသံလမ်းတွေကလည်း ဆက်ရတယ်။ အဲဒီအခါမှာ သုံးတဲ့ဟာကို Continuous Welded Rail ဘူတာတစ်ခုကနေ ဘူတာတစ်ခု သံလမ်းမှာ အဆက်တွေမဟုတ်တော့ဘူး။ အဆက်တွေမရှိတော့ဘူး။ တစ်ခါတည်းဆက်ထားတဲ့လမ်း Continuous Welded Rail ကို သုံးမှာဖြစ်ပါတယ်။

နောက် ဒုတိယ မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်း ကျွန်တော် ပိုက်ဆံတွေကို အားလုံး မချေးရအောင် ဒီ လောလောဆယ် မြန်မြန်ဆန်ဆန်အကျိုးရှိအောင် မန္တလေး-မြစ်ကြီးနားမှာ နမ့်ခန်း-မဲဇာနှင့် မော်ဟန်-ကာဒူ အားလုံးသိပါတယ်။ တကယ့် အကျပ်အတည်းတွေ Sharp Curve တွေဟာ ဒီဂရီများတဲ့ အချိုးအကွေ့တွေရှိတယ်။ အဆင်းကလည်းပဲ Steep Gradient ပေါ့။ ဒီ လျှောစောက်က ကြီးနေတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ အဲဒီနေရာတွေကို လုပ်ဖို့ရာအတွက် ကိုရီးယားတွေနဲ့ Survey လုပ်တဲ့အခါမှာ သူတို့ အခြား Alignment ကို ရှာတယ်။ အဲဒီအခါမှာ Turnnel တစ်ခု ဖောက်ရမယ်။ တံတားအသစ် ဆောက်ရမယ်။ အဲဒီဟာအတွက် ကျွန်တော်တို့ ဘူတာ (၄) ခု လုပ်ရမယ်။ အဲဒီမှာ သူက ဒေါ်လာသန်း (၁၀၀) တောင်းတော့ ကျွန်တော်တို့ ပြန်ပြီးတော့ ညှိပါတယ်။ ညှိတဲ့အခါကျတော့ မော်ဟန်-ကာဒူ Section ပါလုပ်ပေးမှ ဒေါ်လာသန်း (၁၀၀) နဲ့ဖြစ်အောင် လုပ်ပါဆိုပြီးတော့ ကျွန်တော်တို့ ညှိနှိုင်းတယ်။ အဲ့ဒါ အခု ပြီးပါပြီ။ ကျွန်တော်တို့ သူတို့နဲ့ စာချုပ် ချုပ်ရမယ်။ တင်ဒါ ရွေးချယ်ရမယ့်အဆင့် ဒီညှိနှိုင်းတဲ့အဆင့် ပြီးသွားပြီ ဖြစ်ပါတယ်။

နောက် ပဲခူး-မော်လမြိုင် ဒါက ကိုယ့်ဘတ်ဂျက်နဲ့ကိုယ် လုပ်ပါတယ်။ သူများချေးငွေနဲ့ မပါဘဲနဲ့ ကျွန်တော်တို့ ရှိနေတဲ့ဟာလေးကို ဒီလမ်းလေးကို ပုံပြီးတော့အောလိုက်မယ်ဆိုပြီးတော့ ကျွန်တော်တို့ ၂၀၁၆ ခုနှစ်ကတည်းက လုပ်လိုက်တာ အခု မော်လမြိုင်အထိ ရောက်သွားပါပြီ။ အဲဒီမှာလည်းပဲ ကျွန်တော် SWR (Short Welded Rail) ဒါက ကမ္ဘာမှာ သိပ်ပြီးတော့ အမှန်ပြောရင် သိပ်ပြီးတော့ အကောင်းဆုံး မဟုတ်ပါဘူး။ သံလမ်းကို (၉) ချောင်းဆက်ပြီးတော့ ကျောက်အပြည့်နဲ့ လုပ်တာဖြစ်ပါတယ်။ တကယ်တမ်းဆိုရင် မိုင် (၅၀) နှုန်းအထိ သွားနိုင်ရမှာဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ အချက်ပြစနစ် မကောင်းသေးတဲ့ အတွက်ကြောင့် အရှိန်ကိုမမြှင့်ရဲသေးပါဘူး။ အားလုံးကောင်းအောင် လောလောဆယ် ဆောင်ရွက်နေ ပါတယ်။ ဒီကြားထဲ မနှစ်ကတုန်းက ဘီးလင်းချောင်း ရေကြီးတော့ တံတား (၁) စင်းပါသွားပြီး နောက်ထပ် တံတားအသစ် (၁) စင်း ထပ်ဆောက်ရမယ့်ဘဝ ရောက်သွားပါတယ်။

နောက်တစ်ချက် ရန်ကုန်-ပြည်။ ရန်ကုန်-ပြည်ကတော့ ကျွန်တော့်ရဲ့ဒီအခက်အခဲတွေကို ADB က နားလည်တယ်။ ဒါကြောင့် သူတို့ကပဲ စတင်ပြီးတော့ ကမ်းလှမ်းတာပါ။ ADB က ရန်ကုန်-ပြည်လမ်းရဲ့ လမ်းပိုင်းအခြေအနေကိုတော့ သူတို့ကူညီပါ့မယ်ဆိုပြီးတော့၊ အဲဒီတုန်းက ကျွန်တော်တို့ ဒေါ်လာသန်း (၆၀) နဲ့ပဲလုပ်ဖို့ ကျွန်တော် မှန်းခဲ့တာပါ။ ဒါပေမဲ့ မနေ့ကပဲ သူတို့ ထပ်ပေးမှ ဖြစ်မယ်ဆိုပြီးတော့ လုပ်ပါတယ်။ အဲဒီမှာလည်း ကျွန်တော်တို့ Pre F/S ကို ဩစတြေးလျကုမ္ပဏီနဲ့ သူတို့ ADB က ကုန်ကျစရိတ်နဲ့ Pre F/S လုပ်ပါတယ်။ အဲဒီမှာ တံတားပေါင်း (၄၃၄) ခု ရှိပါတယ်။ ဒီ (၁၆၁) မိုင်မှာ အဲဒီမှာ (၄၃၄) ခုလုံးကို အသေးစိတ် ဘယ်ဟာတွေကိုတော့ အသစ်ပြင်မယ်။ ဘယ်ဟာတွေကိုတော့ Strengthen လုပ်မယ်။ ဘယ်ဟာတွေကိုတော့ အစားထိုးမယ်ဆိုတာမျိုး ကျွန်တော်တို့ လေ့လာပြီးဖြစ်ပါတယ်။ အခု F/S ကိုလည်းပဲ ဩစတြေးလျ ကုမ္ပဏီနဲ့ လုပ်နေတာဖြစ်ပါတယ်။ အဲဒီမှာ တကယ့် EIA, SIA နဲ့ တကယ့်ကို အကောင်းဆုံး ဖြစ်အောင် လုပ်ရမှာ ဖြစ်ပါတယ်။

ရန်ကုန်မြို့ပတ် အားလုံးသိကြတဲ့အတိုင်းပဲ ဂျပန်အစိုးရက ကျွန်တော်တို့ကို သန်း (၆၆၀) ပေးတယ်။ ပေးပြီးတော့ ရန်ကုန်မြို့ပတ်ကြီး မြှင့်တင်ဖို့ အဆိုပြုခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့က (၂၀၇) သန်းကိုပဲ ယူပါ့မယ်။ ကျွန်တော်တို့ မလုပ်တတ်တဲ့ Signalling System နဲ့ ကျွန်တော်တို့ မလုပ်တတ်တဲ့ Rolling Stock ကိုပဲ ယူပါ့မယ်။ လမ်းကိုတော့ ကျွန်တော်တို့ဘာသာ ကျွန်တော်တို့ ပြင်ပါ့မယ်။ ပြင်တဲ့အခါမှာ ဂျပန်

အင်ဂျင်နီယာတွေ ကြီးကြပ်ပေးပါဆိုတော့ အခု ဂျပန်အင်ဂျင်နီယာတွေ ကြီးကြပ်ပေးတယ်။ တကယ့်ကို တံတား Approach မှာ၊ ဥပမာပြောရရင် တံတားကိုချဉ်းကပ်တဲ့နေရာမှာ သံလမ်းတစ်ဆက်ကို (၃) ပေခွဲထိ တူးပြီးတော့ တကယ့် CBR တွေ တိုင်းပြီးတော့ တကယ့်ကျောက်တွေကို တစ်လွှာချင်း တစ်လွှာချင်း ကြိတ်ပြီးတော့ ပြီးပြီဆိုမှ ဒီ ကွန်ကရစ်အလွှာလေး ပါးပါးလေးလောင်းပြီးတော့မှ အဲဒီပေါ်မှာ Sub ballast၊ ballast ဖြည့်တယ်။ တကယ့်တစ်သက်စာပဲ။ ကျွန်တော်တို့ကတော့ တစ်ခါတစ်ရံ (၂) နှစ်၊ (၃) နှစ် တစ်ကြိမ် လောက်တော့ ပြင်နေရတယ်။ သူတို့ကတော့ လုံးဝ အပြီးနီးပါးကို လုပ်သွားတာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အခုဆိုရင် အပိုင်းတွေခွဲပြီးတော့၊ အရှေ့ပိုင်း၊ အနောက်ပိုင်းတွေ ခွဲပြီးတော့ လုပ်နေပါတယ်။

နောက်တစ်ခု ပြောချင်တာက Yangon Urban Mass Rapid Transit System ဒီကိစ္စ ကလည်းပဲ ဒီ ၂၀၁၆ ခုနှစ်၊ ဧပြီလမှာ ကျွန်တော်တာဝန်ယူတယ်။ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လမှာ ဒီရန်ကုန်မြို့ကြီးရဲ့ Traffic Conjestion ကို ဖြေရှင်းဖို့ရာ မော်တော်ကားလမ်းနဲ့ပဲ အဆင်ပြေလို့ မရဘူး။ ရထားလမ်းကောင်းအောင် လုပ်မှဖြစ်မယ်။ အဲဒီအခါမှာ သူတို့အဆိုပြုထားတဲ့ YUTRA ဆိုတဲ့ Yangon Urban Transport Master Plan မှာပါတဲ့ UMRT ပါ။ ဒီ UMRT ပါ ဒီ (1)၊ (2) ကို လေ့လာပေးပါဆိုပြီးတော့ ကျွန်တော်က မေတ္တာ ရပ်ခံတယ်။ ၂၀၁၆ ခုနှစ် ဩဂုတ်လမှာ မေတ္တာရပ်ခံတယ်။ စတယ်။ ၂၀၁၇ ခုနှစ် ဩဂုတ်လမှာ သူတို့ရဲ့ Pre F/S ပြီးပါတယ်။ Pre F/S ပြီးတဲ့အခါမှာ သူတို့ဟာ ဒီ (၂) မျိုး တင်ပြပါတယ်။ အရှေ့-အနောက်လမ်းနဲ့ တောင်-မြောက်လမ်းပါ။ အဲဒီမှာ အရှေ့-အနောက်လမ်းဟာ တစ်နာရီကို လူ (၂၇၀၀၀) Passengers ဟာ သွားလိမ့်မယ်။ ၂၀၃၀ ပြည့်နှစ်ကျော်ရင်၊ ဒါကြီးက Mega City ကြီး ဖြစ်လာမယ်။ ဒီလိုဆိုခဲ့ရင် (၂၇၀၀၀) သွားခဲ့ရင် ဘယ်လိုရထားမျိုး ပြေးရမှာလဲဆိုတော့ (၆) တွဲပါတဲ့တွဲဆိုင်း (၃) မိနစ်ခြားပြေးမှ တွက်ခြေကိုက်မှာ ပါလို့ အဲဒီလောက်ထိ ကျွန်တော်တို့ အသေးစိတ်တွက်ရပါတယ်။ ပေါ့တိပေါ့ဆ လုပ်လို့မရပါဘူး။

ရထားလမ်းဆိုတာ တစ်သက်စာစဉ်းစားရမှာ ဖြစ်ပါတယ်။ အဲဒီတော့ အဲဒါကို ကျွန်တော်တို့ ဆောင်ရွက်တဲ့အခါမှာ တစ်နှစ်တိတိကြာတဲ့အခါမှာ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လမှာ ကျွန်တော်တို့ Report ပေးပါတယ်။ ပေးတာကို ကျွန်တော်တို့ လုပ်ကြဖို့ဆိုတဲ့အခါမှာ ငွေကိုလည်းပဲ ဂျပန်အစိုးရကနေပြီးတော့ ဂျပန်ဝန်ကြီးချုပ်ရဲ့ အတိုင်ပင်ခံကနေပြီးတော့ သူတို့ပေးပါ့မယ်။ အဲဒီမှာ ကျွန်တော်တို့သည် သိပ်ပြီးတော့ ချေးငွေတွေများအောင် လုပ်မှာလား။ အဲဒီမှာ G to G လုပ်မှာလား။ PPP လုပ်မှာလားဆိုတာ။ PPP မှာ တချို့သောနိုင်ငံတွေမှာ PPP လုပ်တဲ့အခါမှာ အဲဒီထည့်တဲ့ Private ကုမ္ပဏီက တကယ်တမ်းကျတော့ တန်းလန်းကြီးဖြစ်ပြီးတော့ အခုဆိုရင် (၄)၊ (၅)၊ (၁၀) နှစ် ကြာနေတဲ့ Case တွေ ကျွန်တော်တို့က ဥပမာတွေ တွက်ရပါတယ်။

ဒီနေရာမှာ G to G ယူပြီးတော့မှ Operation ကို Private နဲ့ပြန်ပြီး ဆပ်ခိုင်းမှာလားပေါ့။ ဥပမာ ကျွန်တော်ဆိုလိုသည်မှာ ဆိပ်ကမ်းမှာ ကျွန်တော်တို့ (25) (26) ပေါ့။ မီတာ (၄၀၀) Jetty ကိုလုပ်တဲ့အခါမှာ ဒေါ်လာသန်း (၁၈၀) ကုန်တယ်။ အဲဒီ ဒေါ်လာသန်း (၁၈၀) ကို Private ကုမ္ပဏီကနေပြီးတော့ (၃၈) နှစ် အတွင်း ပြန်ဆပ်တယ်။ သူ့ကို (၃၈) နှစ် ကျွန်တော်တို့ ဘာမှဆပ်စရာမလိုဘူး။ (၃၈) နှစ် Operation ပေးတဲ့အခါမှာ Revenue ရှယ်ယာလည်း ရတယ်။ ဒီလိုနည်းနဲ့သွားရင်တောင်မှ ရထားဆိုတာတော့ အင်မတန် ခက်တဲ့အကြောင်း ပြောတာပါ။

UMRT စနစ်။ အဲဒီမှာ ဒီနှစ် ကျွန်တော်တို့ နောက်ထပ် F/S လုပ်ပါတယ်။ တကယ့် Detail F/S လုပ်တယ်။ F/S လုပ်တဲ့အခါမှာ ခုနတုန်းက ခရီးသည် (၂၇၀၀၀) အစား တစ်နာရီကို (၃၀၀၀၀) လောက်ထိ ဖြစ်သွားနိုင်တယ်။ ဒီ တောင်-မြောက်ပေါ့။ အဲဒီအခါမှာ သူတို့က ရွေးခိုင်းပါတယ်။ တောင်-မြောက်ကို လုပ်မှာလား။ အရှေ့-အနောက်ကိုလုပ်မှာလားဆိုပြီးတော့။ ကျွန်တော်က လှိုင်သာယာက Traffic Demand များတဲ့အတွက်ကြောင့် လှိုင်သာယာ to တိုးကြောင်ကလေးမှာ အရေးကြီးတဲ့ Section တွေ၊ လှိုင်သာယာက နေပြီးတော့ ပါရမီထိ ဒီမြို့ပတ်ရဲ့လမ်းနှစ်လမ်းနဲ့ ချိတ်ဆက်နိုင်တဲ့ Exchange Station (၂) ခုဖြစ်နိုင်တဲ့ ပါရမီအထိ (၁၃) ဘူတာရှိတဲ့နေရာကို စတင်ပြီးတော့ Phase (1) အဖြစ်နဲ့ ဦးစားပေးဆောင်ရွက်ဖို့ဆိုတာ ကျွန်တော်တို့ လုပ်နေပါတယ်။ အသေးစိတ်တိုင်းရပါတယ်။ အသေးစိတ်အချက်အလက်တွေ အခုပြီးပါပြီ။ ကျွန်တော့်ဘက်မှ ပေးမယ့်ဟာတွေကော၊ သူတို့လုပ်ရမယ့်ဟာတွေကော ဘယ်နေရာမှာ Transit Oriented

Development လုပ်မယ်ဆိုတာထိ အသေးစိတ် ဒီဟာတွေဟာ ညှိနှိုင်းပါတယ်။ နောက်တစ်ခါ ဒါ အကြမ်းပဲ ကျွန်တော်ပြောတာပါ။

မူဆယ်-မန္တလေး။ မူဆယ်-မန္တလေးမှာ တကယ်တမ်း (၄၃၁) ကီလိုမီတာ၊ ဒီ အကြမ်းဖျင်း ကျွန်တော် လာအိုမှာဆောက်တဲ့လမ်းသည် ဒီလိုပဲ ကျွန်တော်တို့ (၄၃၀) ကျော်လောက်ပဲ။ အဲဒီမှာ 5 Billion US ဒေါ်လာ ကုန်ပါတယ်။ အဲဒါကို တရုတ်ဆီက တရုတ်နဲ့ပေါင်းပြီးတော့ ဆောင်ရွက်ပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့က အဲဒီကိစ္စကိုရောပေါ့။ ခုနတုန်းကပြောတဲ့အတိုင်းပဲ သူသည် National Transport Master Plan မှာ ဦးစားပေးထဲမှာပါတယ်။ တရုတ်-မြန်မာ စီးပွားရေးလမ်းကြောင်းမှာလည်းပဲပါတယ်။ တစ်ခါ Tran Asia Rail Link (UNESCAP) ကနေပြီးတော့ အဆိုပြုတဲ့ ဥရောပကနေပြီးတော့ အာရှအထိဆက်တဲ့ လမ်းကြောင်းကြီး Tran Asia Rail Link ရဲ့ အစိတ်အပိုင်းတစ်ခုလည်းဖြစ်တယ်။ ဒါကြောင့် ဒီကြားထဲမှာလည်းပဲ တကယ့် Traffic Demand က တအားများတယ်။ ကုန်ကားက တစ်နေ့ကို (၃၀၀၀) နဲ့ (၅၀၀၀) ကြားကို မန္တလေးနဲ့ လားရှိုးကြားမှာ ရှိနေတယ်။ ရှိနေပြီးတော့ ဂုတ်တွင်းတို့၊ ဂုတ်ထိပ်တို့မှာ အရမ်းကျပ်နေတယ်။ ဒါ့ကြောင့် ဒီဟာသာ သွားခဲ့ရင် သူ့ရဲ့ဒီဇိုင်းအတိုင်းဆိုရင် အကြာဆုံး (၅) နာရီပဲကြာမယ်။ ဒါဆိုရင် ဒီရထားဟာ ကားထက်လည်း ခုနကပြောတဲ့ သဘာဝပတ်ဝန်းကျင်နဲ့ပိုပြီးတော့ Familier ဖြစ်တယ်။ အဲဒါကြောင့် ကျွန်တော်တို့ အခု F/S လုပ်နေတာဖြစ်ပါတယ်။ အရင်လက စပြီးတော့ လုပ်နေပါပြီ။ နောက်ထပ်ဟာတွေကို ဒီ Plan နဲ့သွားပြီးတော့ F/S လုပ်နေတာဖြစ်ပါတယ်။

အဓိကအကျဆုံးကတော့ အချက်ပြစနစ် တပ်ဆင်ဖို့ပါ။ ကျွန်တော်တို့ရဲ့ အချက်ပြစနစ်ကြီးက တကယ့် ဟိုးရှေးအကျဆုံး Very Primitive Method ပေါ့။ တကယ့် ရှေးအကျဆုံး Signalling System၊ ကြိမ်ကွင်းကြီးနဲ့ ကြိမ်ကွင်းကြီးနဲ့ထောင်ပြီးတော့ လုပ်နေရတဲ့ဟာ ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီဟာကို ဖျောက်မှဖြစ်မယ်။ လူပေါ်မှာမူတည်တဲ့၊ Secure မဖြစ်တဲ့၊ Safe မဖြစ်တဲ့ Operation အစား ကျွန်တော်တို့ဟာ အခုဆိုရင် ရန်ကုန်-မန္တလေးကို ကျွန်တော်တို့ Fully Automatic လုပ်မယ်။ ရန်ကုန်-ပြည်၊ ရန်ကုန်-မော်လမြိုင်ကို ကျွန်တော်တို့ Semi Automatic လုပ်မယ်ဆိုပြီးတော့ ကျွန်တော်တို့ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီကိစ္စ အတွက်လည်းပဲ ခုနတုန်းက ဩစတြေးလျကုမ္ပဏီကို ADB အနေနဲ့ ဒီကိစ္စလေးပါ ဆောင်ရွက်ပေးဖို့ ဆိုပြီးတော့ မနေ့ကထပ်ပြီးတော့ မေတ္တာရပ်ခံခဲ့ပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ ရထားလမ်းတွေ ဘာကြောင့်ညံ့တာလဲ။ ဘာကြောင့် ညံ့တာလဲဆိုတော့ ကျွန်တော်တို့ အရင်တုန်းက သစ်သားဖားတွေသုံးတယ်။ သစ်သားဖားတွေက အခု သစ်သားလည်း မရှိတော့ဘူးဆိုတဲ့အခါ ကွန်ကရစ်ဇလီဖားတုံးသုံးတယ်။ သုံးတဲ့အခါမှာလည်းပဲ တရုတ် ဒီဇိုင်းသုံးလိုက်၊ အိန္ဒိယ ဒီဇိုင်းသုံးလိုက်၊ ရတဲ့အကြွေး၊ အကြွေးရတဲ့ဟာကို ယူပြီးလုပ်ခဲ့လိုက်တဲ့အခါမှာ ဒီဇိုင်း (၂) ခုမတူတော့ ဒီဟာတွေက အကုန်လုံးပြဿနာ ရှိပါတယ်။ ဒီကြားထဲမှာ ဖွဲ့စည်းပုံက အရင်တုန်းကဆိုရင် (၄) မိုင်တစ်အုပ်စု၊ တစ်အုပ်စုမှာ (၁၀) ယောက်၊ လမ်းလျှောက် (၁) ယောက်၊ လုပ်သားခေါင်း (၁) ယောက်၊ ကျန်တဲ့လုပ်သား (၈) ယောက်နဲ့ (၁၀) ယောက်ဖွဲ့စည်းခဲ့ရာကနေပြီး ၁၉၉၆ ခုနှစ်ကျတော့ တို့ Semi Mechanized လုပ်ကြစို့ဆိုပြီးတော့ Semi Mechanized ပေါ့။ ဒီ ကွန်ကရစ် ဇလီဖားကို လူလည်း မနိုင်တာမဟုတ်တော့ အဲဒါကို ဂျက်နဲ့ မ ရမယ်။ ဂျက် သုံးရမယ်။ တစ်ခါ ဒီ ကွန်ကရစ်ဇလီဖားရဲ့အောက်ကို ကျောက်တွေ ရောက်အောင် Packing ရိုက်ရတယ်။ ရိုက်တဲ့အခါမှာလည်းပဲ အဲဒီရိုက်တာကို ဒီ Hand - tie Tamper ဆိုတာ လူနဲ့သုံးတဲ့ Hand - tie Tamper ဝယ်ရပါတယ်။ အခု Hand - tie Tamper (၁၀၀) ကျွန်တော် ဒီနှစ်ထဲ ရပါမယ်။ ဒါဆိုရင် ကျွန်တော့်မှာ ဒီ Semi Mechanized ဂိုဏ်းတွေဖွဲ့လိုက်လို့ရှိရင် လမ်းတွေ၊ Tertiary လမ်းတွေပါ နည်းနည်းပိုပြီးတော့ ကောင်းကောင်းမွန်မွန် ထိန်းနိုင်မှာဖြစ်ပါတယ်။ အဲဒါကြောင့် ရထားလမ်းပြုပြင် ထိန်းသိမ်းရေးစနစ်ကို အစအဆုံးပြင်မှ ဖြစ်မယ်။ လူနဲ့လုပ်မယ့်အစား Semi Mechanized ကို သွားမှဖြစ်မယ်ဆိုတာကို ပြောတာပါ။

နောက်ထပ် ကုန်းတွင်းဆိပ်။ ကုန်းတွင်းဆိပ်တွေကလည်း ကျွန်တော် ဒီ Dry Port တွေ ဆောက်ရမှာပါ။ ကျွန်တော်တို့မှာ Inter Governmental Agreement On Dry Port ဆိုပြီးတော့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ UNESCAP ရဲ့ ဦးဆောင်မှုနဲ့ စာချုပ်မှာ လက်မှတ်ထိုးခဲ့ရတယ်။ တကယ်တမ်းလည်းပဲ ကျွန်တော်တို့

လုပ်ရမယ်။ အဓိကအားသာချက်က ဘာလဲဆိုတော့ Containerization၊ အားလုံး Container နဲ့ သယ်တဲ့ စနစ်ဖြစ်မှ Multimodal Transport ဆိုတာဖြစ်လာမယ်။ Truck ပေါ်ကနေပြီးတော့ ရထားပေါ်တင်တယ်။ ရထားက တန်းပြီးတော့ သင်္ဘောဆိပ်ရောက်တယ်။ သင်္ဘောဆိပ်ကနေ သင်္ဘောပေါ်တင်တယ်။ အဲဒီလို Multimodal Transport ကွင်းဆက် Supply Chain ရဲ့ တန်ဖိုးတွေကျလာအောင် ဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက်ကြောင့် ကုန်းတွင်းဆိပ် (၂) ခု၊ အခုပြီးပါပြီ။ ဒီနှစ်ကုန်ကစပြီးတော့ အားလုံးကို လူတွေ Container သုံးလာအောင် အားပေးနေတာ ဖြစ်ပါတယ်။

နောက် (IT) ပေါ့။ သူတို့ပြောတဲ့ (IT) အတွက်၊ (IT) ဆိုတာ တကယ့်ဘူတာတွေမှာ တချို့ ဘူတာတွေမှာ မီးကမရှိသေးဘူး။ ဘူတာတွေမှာရှိနေတဲ့ အားလုံးကို Control လုပ်နိုင်တဲ့ ခုနပြောတဲ့ Operation အရ Control လုပ်မယ်။ နောက် ခုနတုန်းက Management System ကြီးတစ်ခုလုံးကို Control လုပ်ဖို့ MIS ဆိုတာကို ကျွန်တော်တို့ F/S ပြီးပါပြီ။ အဲဒီ ဩစတြီးလျကုမ္ပဏီကနေပြီး ထပ်ပြီးတော့ တင်ဒါခေါ်ယူရေးတို့ ဒီဟာတွေကို ကျွန်တော်တို့ Network တစ်ခုလုံး ချိတ်ရမှာ ဖြစ်ပါတယ်။ ဒါမှသာ Ticketing ထိ အားလုံးသွားမှာ ဖြစ်ပါတယ်။ အဲဒီမှာ သူကဖွဲ့စည်းပုံပါ ပြင်ခိုင်းပါတယ်။ အဲဒီမှာ ကျွန်တော်တို့ တော်တော်တိုင်ပင်ကြပါတယ်။ ကျွန်တော်တို့ရဲ့ အခြေအနေဟာ ဘယ်သူကိုမှပြိုင်နိုင်တဲ့အခြေအနေ အခု လောလောဆယ်မှာ မရှိပါဘူး။ ခုနလွှတ်တော်ကိုယ်စားလှယ်ကြီး ပြောသွားတဲ့အတိုင်းပါပဲ ကျွန်တော်တို့ ရထား၊ ကားနဲ့ မပြိုင်နိုင်သေးပါဘူး။ အဲဒီတော့ အနည်းငယ်ပြိုင်နိုင်လောက်အောင်၊ နည်းနည်းရပ်တည် နိုင်လောက်အောင်တော့ အရင်ဆုံးလုပ်ကြဦးစို့ရဲ့။ အဲဒါပြီးမှ Reorganization ကို သွားမှာ ဖြစ်ပါတယ်။

အဲဒီမှာလည်း ဝန်ထမ်းတွေရဲ့ ခုနတုန်းက စိတ်ဓာတ်ပေါ့။ ကျွန်တော်တို့က Monopolistic Position တစ်ယောက်တည်းအုပ်ချုပ်၊ တစ်ယောက်တည်း စီမံခန့်ခွဲခဲ့တဲ့ Position ကနေပြီးတော့ ဈေးကွက် စီးပွားရေး စနစ်ကို ပြိုင်တဲ့အခါမှာ ကျွန်တော်တို့ ဝန်ထမ်းတွေဟာ Service Minded ဝန်ဆောင်မှု စိတ်ဓာတ်အပြည့် ရှိအောင် မနည်းကိုလုပ်နေရပါတယ်။ အခုလည်းပဲ ကျွန်တော် (၄) နှစ် သင်တန်း အလကားပေးပါတယ်။ အဲဒီ JICA က အဖွဲ့တွေနဲ့ ကျွန်တော် ဒုတိယနှစ်ရောက်ပါပြီ။ ခုနတုန်းက ဒီ နှုတ်ဆက်တာကအစ၊ ဦးညွှတ်တာက အစ အားလုံးခုန သန့်ရှင်းရေးကအစ အားလုံးကို လေ့ကျင့်သင်ကြားပေးနေပါတယ်။ တစ်ခါတည်း မပြောင်းနိုင်ပါဘူး။ သူတို့ Corporatization ၁၉၈၇ ခုနှစ် ဂျပန်မှာစပါတယ်။ အဲဒီ Corporatization အချိန်ကစပြီး နှစ်အစိတ်၊ သုံးဆယ် ယူခဲ့ရတာပါ။ လူတွေဟာ Service Minded သူတို့လည်း မဖြစ်ပါဘူး ဆိုပြီးတော့ ပြောခဲ့တာ ဖြစ်ပါတယ်။

တစ်ခါ ဘဏ္ဍာရေးစီမံခန့်ခွဲမှုကတော့၊ ဘဏ္ဍာရေးအခြေအနေကတော့ အရင် ကျွန်တော် ပြည်ထောင်စု လွှတ်တော်မှာ တင်ပြခဲ့တဲ့အတိုင်းပါပဲ။ ကျွန်တော် ၂၀၁၉-၂၀၂၀ ရှေ့နှစ်ဘတ်ဂျက်ထဲမှာ တော်တော် ရင်လေးစရာ ကောင်းပါတယ်။ ကျွန်တော် ၁၉၈၈ ခုနှစ်မတိုင်ခင်က အကြွေးပါ။ ရထားဆိုတာ ကိုယ်ဘာမှ မလုပ်တတ်တော့ အစဉ်အလာအရကိုက ချေးငွေလေးရမှ သို့မဟုတ် ကိုယ့်မှာ ကိုယ်ပိုင်ရှိမှ နိုင်ငံခြားငွေနဲ့ ဝယ်ရတာဖြစ်တယ်။ အဲဒီအခါမှာ ၁၉၈၈ ခုနှစ်မတိုင်ခင်က ပဲရစ်ကလပ် နိုင်ငံတွေက အကြွေးတွေကို တစ်ဝက်လျှော့ပေးတာတောင်မှ သူ့ရဲ့အတိုးနဲ့အရင်း ကျွန်တော်ဆပ်ရမယ့်ဟာသည် ကျပ် (၁၂၆) ဘီလီယံ ရှိပါတယ်။ ကျွန်တော် ရထားဝင်ငွေရဲ့ (၂) ဆရှိပါတယ်။ အဲဒီတော့ နောက်တစ်ခါ ပင်စင်စားတဲ့ ဝန်ထမ်းပေါင်း (၁၈၀၀၀)၊ အဲဒီပင်စင်နဲ့ပင် ကျွန်တော်ကျပ် (၁) ဘီလီယံကျော်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့သည် လောလောဆယ် မပြေးခင်ကနေ ရှုံးနေတဲ့ အဖွဲ့အစည်းဖြစ်တယ်။ သို့သော် ရှေးတုန်းကတည်းက ကျွန်တော်တို့သည် Board နဲ့ထားခဲ့တယ်။ Corporation ဆိုတာ နောက်မှပြောလိုက်တာပါ။ ဒီ Public Service Application ဖြစ်တယ်။ အဲဒါကို အကောင်းဆုံး ဆောင်ရွက်ရမှာ ဖြစ်တယ်။ အဲဒီမှာ ကျွန်တော် ပုဂ္ဂလိကဟာတွေ ပါဝင်ဖို့ရယ်။ Investment မှာလည်း ပုဂ္ဂလိကတွေပါဝင်လာအောင် ကျွန်တော်တို့ စည်းရုံး ဆွဲဆောင်လျက်ရှိပါတယ်။ ဒီနေရာမှာ ဒီလို ရထားလုပ်ငန်းသည် အင်မတန်စရိတ်ကြီးမားတဲ့ အတွက်ကြောင့် အရင်းအနှီးဟာလည်း ရင်းနှီးပြီးရင် နှစ် (၃၀) ကြာမှ အရင်းကျေတာတို့ ဘာတို့ဖြစ်တဲ့အတွက်ကြောင့်မို့ အတော်တော့ ခက်ပါတယ်။

အခုလောလောဆယ် အဲဒီအတိုင်း ဆောင်ရွက်နေပါတယ်။ ဩစတြေးလျက နိုင်ငံတစ်ခုကလည်း ကျွန်တော်တို့ဆီမှာ Turnout လာထုတ်မယ်။ Crossing Product တွေ၊ Turnout တွေ လာထုတ်ရင် ကျွန်တော်

သက်သက်သာသာနဲ့ သုံးရမယ်။ သူက အရှေ့တောင်အာရှနိုင်ငံတွေကို ရောင်းချင်တယ်လို့ ပြောပါတယ်။ အဲဒါတွေလည်း ကျွန်တော်တို့ Joint Venture လုပ်ဖို့ ဆွေးနွေးနေပါတယ်။ နောက်တစ်ခါ ဂျပန်ကုမ္ပဏီတစ်ခုကလည်း ကွန်ကရစ်ဇလီဖားထုတ်တဲ့ ကျွန်တော်တို့ရဲ့ မသုံးတော့တဲ့ စက်ရုံအဟောင်း၊ ကွန်ကရစ်ဇလီဖားကလည်း လောက်သွားပြီဆိုတော့ သူက အဲဒါကို Precast Concrete Structure ထုတ်ဖို့ Joint Venture လုပ်ဖို့ရာအတွက် ကျွန်တော်တို့ နောက်ဆုံးအဆင့် ရောက်နေပါပြီ။ အဲဒါလည်းပဲ အားလုံးခွင့်ပြုခဲ့ရင် ကျွန်တော်တို့လုပ်မှာဖြစ်ပါတယ်။ အဲဒီလိုနည်းနဲ့ပါလာအောင် ဆောင်ရွက်နေတဲ့အကြောင်းတင်ပြအပ်ပါတယ်။ နောက် စက်ခေါင်းနဲ့ တွဲဆိုင်းတွေ ပြုပြင်တည်ဆောက်တဲ့အခါမှာ ကျွန်တော်တို့ အရင်အစိုးရလက်ထက်မှာ တရုတ်နိုင်ငံရဲ့ ချေးငွေနဲ့ စက်ပစ္စည်းတွေ ဝယ်ပါတယ်။ အဆောက်အအုံကတော့ ကျွန်တော်တို့ဘာသာဆောက်ပါတယ်။ ဒါပေမဲ့ အဲဒီမှာ စက်ရုံအဆောက်အအုံကို ဆောက်တယ်။ ဒါပေမဲ့ မနှစ်ကတုန်းက အမြန်ဆုံးဒီစက်ခေါင်းထုတ်နိုင်အောင်၊ တွဲထုတ်နိုင်အောင်ပဲ အဓိကထားပြီး စက်ပစ္စည်းတွေ အထိုင်ကိုပဲ အဓိကထားပြီး ကျွန်တော်တို့ လုပ်လိုက်တဲ့အတွက်ကြောင့် (၂၁) တွဲနဲ့ စက်ခေါင်း (၁၀) လုံးတော့ ဒီနှစ်ထဲမှာ ပြီးပါတယ်။ (၂၁) တွဲက ပြီးပါတယ်။ စက်ခေါင်း (၁၀) လုံးလည်း ဒီနှစ်ထဲမှာ ကျွန်တော်တို့ပြီးမှာဖြစ်ပါတယ်။

နောက်ထပ် ဒီနှစ် ၂၀၁၈-၂၀၁၉ ခုနှစ်မှာတော့ ကျွန်တော် ဘတ်ဂျက်အဖြတ်ခံရတော့ ရိုးရိုးတွဲ (၁၅) တွဲပဲ ရပါတယ်။ အဲဒီမှာ ကျွန်တော်တို့ဟာ လူစီးတွဲကို (၅၀၀) ဝယ်ပါ။ ကုန်တွဲကိုတော့ အနည်းဆုံး (၈၀၀) ဖြည့်တင်းပါလို့ ပြောပါတယ်။ ဘာလို့တုန်းဆိုတော့ ကျွန်တော်တို့ ကုန်တွဲတွေက စစ်မဖြစ်ခင်က ကုန်တွဲပေါင်း (၉၀၀၀) ကျော်ရှိတယ်။ အခု (၂၀၀၀) ကျော်ပဲ ကျွန်တော်သုံးနိုင်ပါတယ်။ စစ်မဖြစ်ခင်က ၁၉၄၂ ခုနှစ်ကထက် နည်းနေပါတယ်ဆိုတဲ့အကြောင်းကို ကျွန်တော်တင်ပြအပ်ပါတယ်။ ဒါမှသာလျှင် ကျွန်တော်က ကုန်ကိုများများသယ်ပါ။ ဒီ Freight Transport ကို ပိုပြီးတော့ ဦးစားပေးပါဆိုပြီးတော့ ADB က အကြံပြုပါတယ်။ ဘာလို့တုန်းဆိုတော့ ကုန်ဆိုတာက ကုန်သည် သည် စီးပွားရအောင်လုပ်တယ်။ ဒါကြောင့်ကျွန်တော်တို့က ကုန်သည်ဆီကတော့ ကုန်သယ်ယူပို့ဆောင်ရေးဟာ စီးပွားရေးတွက်ခြေကိုက်ရင် လုပ်ရမှာဖြစ်ပါတယ်။ လူကျတော့ ကျွန်တော်တို့က တတ်နိုင်သမျှ လူကို အရှုံးတော့ခံရနိုင်တယ်။ ဒါသည် နိုင်ငံရဲ့တာဝန်ဖြစ်တယ်လို့ ကျွန်တော်တို့ ခံယူပါတယ်။

အခု နိဂုံးချုပ်ပြောရရင်တော့ ကျွန်တော်တို့မှာ ဒီ အမျိုးသား Transport Policy ရှိပါတယ်။ ထိရောက်ခေတ်မီပြီး ဒီ Transport Policy (၁၂) ချက်မှာ အရေးအကြီးဆုံးအချက်က ထိရောက်ခေတ်မီပြီး စရိတ်စကသက်သာသော သယ်ယူပို့ဆောင်ရေးစနစ် တည်ထောင်ရန်ဆိုပြီးတော့ ကျွန်တော်တို့ ချမှတ်ထားပါတယ်။ နောက်တစ်ခါ လွတ်လပ်တဲ့ ယှဉ်ပြိုင်တဲ့ ဈေးကွက်ဖြစ်ရပါမယ်။ ဥပမာ မော်တော်ကားရော၊ ရထားရော၊ ရေကြောင်းရော၊ လေကြောင်းရော ဒါတွေသည် ပြည်သူလူထုမှာ ရွေးချယ်ခွင့်ရှိရမယ်။ ပိုပြီးတော့ ရွေးချယ်နိုင်လောက်အောင် အခွင့်အလမ်းတွေကို အစိုးရက ဖန်တီးပေးရမှာဖြစ်ပါတယ်။ နောင်ကျရင်လည်း ရထားကို အစိုးရကမပြေးပါဘူး။ မော်တော်ကားလည်း အစိုးရကမပြေးပါဘူး။ အားလုံးသူတို့ပြိုင်နိုင်အောင် ကျွန်တော်တို့ တည်ဆောက်ရမှာ ဖြစ်ပါတယ်။ ဒီကိစ္စတွေအတွက် အားလုံးအချိန်ယူဆောင်ရွက်သွားရမှာဖြစ်တဲ့အကြောင်း၊ ကျွန်တော်တို့သည် အကောင်းဆုံးဖြစ်အောင်၊ အချွေတာနိုင်ဆုံးဖြစ်အောင်၊ အကျိုးရှိထိရောက်သော ရင်းနှီးမြှုပ်နှံမှုတွေဖြစ်အောင် ဆောင်ရွက်နေပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**၉၁၄၄** ။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်း မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်မှာ ကျွန်တော်တို့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၆) မှ ဦးဖေတင် က မြန်မာ့မီးရထားကဏ္ဍအောင်မြင်ဦးမော့လာနိုင်စေရေးအတွက် ကျွန်တော်တို့ မေးခွန်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက အပြည့်အစုံ ဖြေကြားသွားပါတယ်။ သူ့ရဲ့ ဖြေကြားချက်တွေက ဒါ ကျွန်တော်တို့ ပြည်သူတစ်ရပ်လုံးသိရှိဖို့ သိရှိနိုင်ရန် အကျိုးရှိမယ်။ ဒါမှလည်း ကျွန်တော်တို့ အစိုးရဌာနရဲ့ လုပ်ဆောင်ချက်တွေ ပြည်သူတွေပွင့်ပွင့်လင်းလင်း သိရှိမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ အများပြည်သူ သိရှိနိုင်ဖို့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၀ အရ မြန်မာနိုင်ငံပြန်တမ်းနှင့် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြဖို့ဆုံးဖြတ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၁၇၄/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၅ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်)

**ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ရှမ်းပြည်နယ်၊ လားရှိုးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၅) နေရာ၌ ဦးအယ်လ်စန်တွဲ **အစား** ဦးကြည်ဝင်း အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၁၇၅/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၇ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၁) နေရာ၌ ဒေါ်စန်းငွေ **အစား** ဦးမောင်စိုး အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၁၇၆/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၂ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၂) နေရာ၌ ဒေါ်ခိုင်ခိုင်ဦး **အစား** ဦးစိုးမြင့် အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၁၇၇/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၃ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)

**ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၂) နေရာ၌ ဦးတင်လင်း **အစား** ဦးအောင်ဝင်း အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၁၇၈/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၃ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)

**ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၅) နေရာ၌ ဦးမြင့်အောင် **အစား** ဦးရဲအောင်လွင် အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၁၇၉/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၃ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)

**ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ပြည်ထောင်စုနယ်မြေ၊ ဥတ္တရခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၁) နေရာ၌ ဦးအောင်မြင့် **အစား** ဦးမောင်မောင်အေး အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၈၀/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၃ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၃) နေရာ၌ ဦးအုန်းရွှေ **အစား** ဦးမြင့်သန်း အား စတင်တာဝန် ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၈၁/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၄ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၁) နေရာ၌ ဦးသန်းထွန်းဟန် **အစား** ဦးဝင်းမြင့် အား စတင် တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၁၈၂/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၀ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)

**အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ်၊ ၁၆၄/၂၀၁၇ ဖြင့် ဦးစီးအရာရှိရာထူးနေရာများသို့ တိုးမြှင့်ခန့်ထားခဲ့သော

အောက်ဖော်ပြပါ အရာထမ်း (၂) ဦးတို့အား အစမ်းခန့်ကာလပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထား လိုက်သည် -

| စဉ် | အမည် | ရာထူး | ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး |
|---|---|---|---|
| (၁) | ဦးကျော်သူရ | ဦးစီးအရာရှိ | ဖားဆောင်းမြို့နယ် |
| (၂) | ဒေါ်ဆုရည်ဖြိုး | ဦးစီးအရာရှိ | မင်းတပ်ခရိုင် |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၀ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)

### ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ် (၁၃) ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ် (၉၇/ခ) ရှိ ဒေါင်းမင်းကုမ္ပဏီရုံးခန်း ဖွင့်လှစ်ထားသော အဆောက်အအုံများ (မြေမပါ)

၁။ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ဆဋ္ဌမအကြိမ်မြောက် အိတ်ဖွင့်တင်ဒါဖွင့်ပွဲ၌ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ် (၁၃) ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ် (၉၇/ခ) ရှိ ဒေါင်းမင်းကုမ္ပဏီရုံးခန်းဖွင့်လှစ်ထားသော အောက်ပါအဆောက်အအုံ (၄) ခုလုံးကို အမြင့်ဆုံးအဆိုပြုဈေးနှုန်း ကျပ် ၂. ၁၂ သန်းဖြင့် အဆိုပြုသူ ဒေါ်ရီရီဖြူ ကို ဝယ်ယူခွင့်ပြုခဲ့ပါသည်-

| စဉ် | Lot No. | လိပ်စာ | တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|
| (က) | Lot No. 6 | ရုံးခန်းဖွင့်လှစ်ထားသော (၂) ထပ်တိုက် (၁) လုံးနှင့် တစ်ဆက်တည်း (၁) ထပ် ပေါ်တီခို (၁) ခု | ၀. ၇၃ |
| (ခ) | Lot No. 7 | ရုံးခန်းဖွင့်လှစ်ထားသော (၁) ထပ်တိုက် (၁) လုံး | ၀. ၃၃ |
| (ဂ) | Lot No. 8 | အလိုင်းမင်းချိန်စက်လုပ်ငန်း လုပ်ကိုင်သော (၂) ထပ်တိုက် (၁) လုံး | ၀. ၅၃ |
| (ဃ) | Lot No. 9 | ရုံးခန်းဖွင့်လှစ်ထားသော (၂) ထပ်တိုက် (၁) လုံး | ၀. ၅၃ |
| | | **စုစုပေါင်း** | **၂. ၁၂** |

၂။ ဒေါ်ရီရီဖြူ သည် အဆိုပါ အဆောက်အအုံ (၄) ခုလုံး၏ တန်ဖိုး ကျပ် ၂. ၁၂ သန်းကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့နှင့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့တို့တွင် အကျေ ပေးသွင်းပြီးဖြစ်ပါသည်။

၃။ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်း မြို့နယ်၊ အမှတ် (၁၃) ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ် (၉၇/ခ) ရှိ အဆောက်အအုံ (၄) ခုလုံးကို ဒေါ်ရီရီဖြူ ထံသို့ အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီး စာချုပ်စာတမ်းမှတ်ပုံတင်၍ လွှဲပြောင်းပေးရန် ဖြစ်ပါသည်။

၄။ ဒေါ်ရီရီဖြူအနေဖြင့် နိုင်ငံတော်ပိုင် အဆောက်အအုံကို ဝယ်ယူရာတွင် ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်း ခွန်တို့ ထမ်းဆောင်၍ စာချုပ် ချုပ်ဆိုခြင်းတို့ကို ဆောင်ရွက်ပြီးမှသာလျှင် လွှဲပြောင်းရရှိမည်ဖြစ်ပါသည်။

၅။ ပြည်ထဲရေးဝန်ကြီးဌာနသည် လွှဲပြောင်းရောင်းချပြီးစီးကြောင်းကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ အတည်ပြုချက်ရယူရမည်ဖြစ်ပြီး ဆောင်ရွက်ပြီးစီးမှုကို မှတ်တမ်းတင်ထားရှိနိုင်ရန်အတွက် ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ရုံးသို့ အစီရင်ခံတင်ပြရန်ဖြစ်ပါသည်။

အမိန့်အရ

မောင်မောင်ဝင်း
တွဲဖက်အတွင်းရေးမှူး
ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၁ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေး အမှတ်စဉ် (၂၀/၂၀၁၈) မှ သဘောတူခွင့်ပြုချက်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၏ အရာထမ်းရာထူး (၈၁) နေရာ၊ အမှုထမ်းရာထူး (၁၈၉) နေရာ၊ စုစုပေါင်းရာထူး (၂၇၀) နေရာ ပါဝင်သော မူလဖွဲ့စည်းပုံကို အောက်ဖော်ပြပါ ဦးစီးဌာန (၂) ခု၊ ကော်မရှင်ရုံးခွဲ (၂) ရုံး (ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအပါအဝင်)၊ အရာထမ်းရာထူး (၂၁၄) နေရာ၊ အမှုထမ်းရာထူး (၆၂၄) နေရာ စုစုပေါင်းရာထူး (၈၃၈) နေရာဖြင့် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့မှစ၍ ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| **စဉ်** | **ဌာန** | **ဝန်ထမ်းအင်အား** | | |
|---|---|---|---|---|
| | | **အရာထမ်း** | **အမှုထမ်း** | **ပေါင်း** |
| ၁။ | စီမံရေးရာဦးစီးဌာန | ၉၀ | ၃၄၄ | ၄၃၄ |
| ၂။ | တားဆီးကာကွယ်ရေးနှင့် စုံစမ်းစစ်ဆေးရေး ဦးစီးဌာန | ၁၂၄ | ၂၈၀ | ၄၀၄ |
| | **စုစုပေါင်း** | **၂၁၄** | **၆၂၄** | **၈၃၈** |

အောင်ကြည်
ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၄ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)

### ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့သည် ၂၀၁၄ ခုနှစ်၊ မြန်မာအထူးစီးပွားရေးဇုန် ဥပဒေ အခန်း (၅)၊ ပုဒ်မ (၉)၊ ပုဒ်မခွဲ (ဃ) အရ ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒေါက်တာဆန်းဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် **အစား** ဦးစိုးနိုင်၊ ညွှန်ကြားရေးမှူးဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) ဟင်နရီဗန်ထီးယူ
ဥက္ကဋ္ဌ
မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်)

အမှတ် ၆၈၀/၂၀၁၈ ။ ။ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၈)၏ သဘောတူညီချက်အရ ဩစတြေးလျားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစံလွင် အား ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ ထိုရာထူးနေရာတွင်ပင် စတုတ္ထအကြိမ် တစ်နှစ်ဆက်လက်ခန့်ထားလိုက်သည်။

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်)

အမှတ် ၆၈၁/၂၀၁၈ ။ ။ ဂျီနီဗာမြို့၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်း အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ဆွစ်ဇာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်သည်။

အမိန့်အရ

အောင်ဆန်းစုကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၁၂၄၇/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၅ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (စုံစမ်းရေး) (၂) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ဦးစီးအရာရှိ) တွင် အတည်ပြုခန့်ထားလိုက်သည် -

(က) (စ/၁၄၄၃) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးအောင်ကြည်နိုင်
စစ်ဆေးရေးဌာန၊ တိုင်စာစိစစ်ရေးဌာနစု

(ခ) (စ/၁၃၉၂) ဦးစီးအရာရှိ (စုံစမ်းရေး) ဦးမျိုးမြင့်အောင်
တနင်္သာရီတိုင်းဒေသကြီးရုံး

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၄၈၈/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲအုပ် (၂) ဦးတို့အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည် -

(က) လ ၂၀၅၂၃၂ ရဲအုပ် မြတ်ကျော်သူ
အမှတ် (၁၉) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ

(ခ) လ ၁၉၀၅၁၈ ရဲအုပ် အောင်ကိုဦး
သတင်းရဲတပ်ဖွဲ့

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၄၉၈/၂၀၁၈)

မီးသတ်ဦးစီးဌာနမှ အောက်ဖော်ပြပါ ညွှန်ကြားရေးမှူး (၄) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ညွှန်ကြားရေးမှူး) တွင် အတည်ပြုခန့်ထားလိုက်သည် -

(က) မ ၀၄၆၂ ညွှန်ကြားရေးမှူး ဦးစိုးဝင်း
ကချင်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး

(ခ) မ ၀၂၂၀ ညွှန်ကြားရေးမှူး ဦးရဲမင်းသွေး
မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်

(ဂ) မ ၀၄၅၃ ညွှန်ကြားရေးမှူး ဦးအောင်ဆွေဝင်း
နေပြည်တော်မီးသတ်ဦးစီးမှူးရုံး

(ဃ) မ ၀၄၅၁ ညွှန်ကြားရေးမှူး ဦးခင်မောင်ရီ
ကရင်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၄၉၉/၂၀၁၈)

မီးသတ်ဦးစီးဌာန၊ ဗဟိုမီးသတ်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး မ ၀၂၀၇ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကြည်ဝင်း အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ဒုတိယညွှန်ကြားရေးမှူးချုပ်) တွင် အတည်ပြု ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၅၀၁/၂၀၁၈)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ် (၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲမှ ကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲ ၁၆၈၆ ယာယီရဲမှူးကြီး အောင်ဆန်းဝင်း အား အစမ်းခန့်တိုးမြှင့်ကာလ (၁) နှစ်နှင့် (၆) လပြည့်မြောက်သည့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးကြီး) တွင် အတည်ပြု ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၅၂၅/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဆန်း (ပ/၅၀၁၆) အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ဒုတိယညွှန်ကြားရေးမှူးချုပ်) တွင် အတည်ပြု ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၅၃၃/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ ကွဲ့တဲကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်- ၃၄၀-က/စိုတွင်းအနောက်၊ ဦးပိုင်အမှတ်-၆၈ မှ မြေဧရိယာ **၀. ၁၅ ဧက**၊ ဦးပိုင်အမှတ်-၇၁ မှ မြေဧရိယာ **၁. ၅၂ ဧက**၊ ဦးပိုင်အမှတ်-၇၂ မှ မြေဧရိယာ **၄. ၄၀ ဧက**၊ ဦးပိုင်အမှတ်-၇၃ မှ မြေဧရိယာ **၁. ၂၀ ဧက**၊ ဦးပိုင်အမှတ်-၇၄ မှ မြေဧရိယာ **၀. ၀၅ ဧက**၊ ဦးပိုင်အမှတ်-၈၃ မှ မြေဧရိယာ **၁. ၄၀ ဧက**၊ ဦးပိုင်အမှတ်- ၈၄ မှ မြေဧရိယာ **၂. ၁၉ ဧက**၊ စုစုပေါင်းမြေဧရိယာ **၁၀. ၉၁ ဧက** အား **မြန်မာ့မီးရထား၊ ကွန်ကရစ် ဇလီဖားစက်ရုံ (ပခုက္ကူ)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၆ အရ **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၅၃၄/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့၊ အောင်ချမ်းသာရပ်ကွက်၊ အကွက်အမှတ်/ အမည်-၅/မြို့မ (ခ. သ)၊ ဦးပိုင်အမှတ် (၈၇^စ)၊ မြေကွက်အမှတ် (၁၅၆/၂၂၇)၊ **မြေဧရိယာ ၀. ၂၀၂ ဧက** အား **အင်းတော်မြို့နယ်တရားရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၅၄၃/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အသုံးပြုရန်မရှိသည့်အတွက် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ညောင်လေးပင်မြို့နယ်၊ မုက္ခမူကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၁၈၃-C/ကျူချောင်း စားကျက်ကွင်း၊ ဦးပိုင်အမှတ် (၃) ရှိ **စုစုပေါင်းမြေဧရိယာ ၁၀. ၀၀ ဧက** ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊

အောက်တိုဘာလ ၃၀ ရက်စွဲပါ စာအမှတ်၊ ၁၇၉၇/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁၀. ၀၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၅၄၄/၂၀၁၈)

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အသုံးပြုရန်မရှိသည့်အတွက် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ညောင်လေးပင်မြို့နယ်၊ ရေတွင်းကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၁၅၁ ခ/ရေတွင်းကုန်း အင်းကွင်း၊ ဦးပိုင်အမှတ် (၇၊ ၈/၁၊ ၈/၂၊ ၈/၃၊ ၂၈) ရှိ **စုစုပေါင်းမြေဧရိယာ ၄၃. ၃၅ ဧက** ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်စွဲပါ စာအမှတ်၊ ၁၇၉၄/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၄၃. ၃၅ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၅၄၅/၂၀၁၈)

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အသုံးပြုရန်မရှိသည့်အတွက် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ညောင်လေးပင်မြို့နယ်၊ ချောင်းကျိုးကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၃၆၀/ဘမော်တောကွင်း၊ ဦးပိုင်အမှတ် (၁၂/၁) ရှိ **စုစုပေါင်းမြေဧရိယာ ၄၀. ၀၀ ဧက** ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်စွဲပါ စာအမှတ်၊ ၁၇၉၉/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံ ခွင့်ပြုခဲ့ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၄၀. ၀၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၅၄၆/၂၀၁၈)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ မူလပိုင်ရှင်ထံ ပြန်လည်ပေးအပ်ရန်အတွက် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-(၆၀၂-က/ ရွှေကြက်ယက်)၊ ဦးပိုင်အမှတ် (၅၊ ၆၊ ၇) ရှိ မူလရှိ **မြေဧရိယာ ၇. ၁၁ ဧက** အနက် **မြေဧရိယာ ၂. ၂၄ ဧက** ကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်စွဲပါ စာအမှတ်၊ ၁၇၉၅/၁-ကော်မတီ/ မြေ (ဗဟို)/ ၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၂. ၂၄ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၅၄၇/၂၀၁၈)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ဧရာဝတီတိုင်း ဒေသကြီး၊ မြောင်းမြခရိုင်၊ အိမ်မဲမြို့နယ်၊ သရက်ကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် - (၂/သရက်ကုန်း)၊

ဦးပိုင်အမှတ် (၇-ခ) ရှိ **စုစုပေါင်းမြေဧရိယာ ၀. ၀၀၈ ဧက** ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်တွင် အသုံးပြုရန်မရှိသဖြင့် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်စွဲပါ စာအမှတ်၊ ၁၇၉၆/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၀၀၈ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၅၄၈/၂၀၁၈)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ ချောင်းတွင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် - (၄၅၂-C/အုန်းပင်ခနိကျွန်း)၊ ဦးပိုင်အမှတ် (၂၈-ခ၊ ၂၉-ခ၊ ၃၁၊ ၃၂-က) ရှိ **စုစုပေါင်းမြေဧရိယာ ၀. ၄၇ ဧက** ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်တွင် အသုံးပြုရန်မရှိသဖြင့် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်စွဲပါ စာအမှတ်၊ ၁၇၉၈/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၄၇ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၅၅၆/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲလေ့ကျင့်ရေးဌာနကြီးမှ ဒုတိယရဲလေ့ကျင့်ရေးအရာရှိချုပ် ရဲ ၁၇၄၇ ယာယီရဲမှူးကြီး သန်းဝင်း အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးကြီး) တွင် အတည်ပြုခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၅၆၃/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်)

စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၂၁) အကြီးစားစက်ရုံ (သထုံ) မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၊ ဒူးရင်းဆိပ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်- (၅၂၁/သန်ဘန်ကွင်း)၊ မြေအမျိုးအစား-စက်ရုံမြေ၊ ဦးပိုင်အမှတ် (၃၀၉/၄၁၁) ရှိ မူလရှိ **မြေဧရိယာ ၁၁၈. ၅၅ ဧက** အနက် **မြေဧရိယာ ၆. ၃၁ ဧက** ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်စွဲပါ စာအမှတ်၊ ၁၈၁၃/၁-ကော်မတီ/မြေ(ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၂၁) အကြီးစားစက်ရုံ (သထုံ) မှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၆. ၃၁ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၅၆၄/၂၀၁၈)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အသုံးပြုရန် မရှိသည့်အတွက် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာ အနောက်ရပ်ကွက်၊ ကွင်းအမှတ်/အမည်-၅၄၉၊ မြေအမျိုးအစား-B၊ ဦးပိုင်အမှတ် (၂၂) ရှိ **စုစုပေါင်း မြေဧရိယာ ၀. ၁၂၁၁ ဧက** ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်တွင် နိုင်ငံတော်သို့ ပြန်လည် စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်စွဲပါ စာအမှတ်၊ ၁၈၃၂/၁-ကော်မတီ/မြေ(ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံ လာသည့် အဆိုပါ **မြေဧရိယာ ၀. ၁၂၁၁ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ် လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၅၆၅/၂၀၁၈)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အသုံးပြုရန် မရှိသည့်အတွက် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာ အနောက်ရပ်ကွက်၊ ကွင်းအမှတ်/အမည်-၅၄၉၊ မြေအမျိုးအစား-B၊ ဦးပိုင်အမှတ် (၃၃-အ/၅) ရှိ စုစုပေါင်း **မြေဧရိယာ ၁. ၁၁၅၃ ဧက** ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်တွင် နိုင်ငံတော်သို့ ပြန်လည် စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်စွဲပါ စာအမှတ်၊ ၁၈၃၃/၁-ကော်မတီ/မြေ(ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံ လာသည့် အဆိုပါ **မြေဧရိယာ ၁. ၁၁၅၃ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ် လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၅၆၆/၂၀၁၈)

စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ မြင်းနှင့် သိုးမွေးမြူရေးဌာန (ဟဲဟိုး) မှ အသုံးပြုရန် မရှိသဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာအုပ်စုနှင့် ဘော်နင်း ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်- (၁+၂က၊ ၃၊ ၃+၇/ဟဲဟိုးချိုင့်ဝှမ်းစီမံကိန်း)၊ မြေအမျိုးအစား-လယ်မြေ၊ ဦးပိုင်အမှတ် (၁၅၅၊ ၁၁၃၊ ၁၁၄၊ ၁၁၅၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၂၈၅၊ ၂၈၆၊ ၃၀၁ မှ ၃၀၆ ထိ၊ ၃၀၈ မှ ၃၁၄ ထိ၊ ၆၁ မှ ၆၅ ထိ) ရှိမူလရှိ **မြေဧရိယာ ၁၆၉. ၃၇ ဧက** အနက် **မြေပြင်ရှိဧရိယာ ၁၆၉. ၁၂ ဧက** ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်စွဲပါ စာအမှတ်၊ ၁၈၁၂/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ မြင်းနှင့် သိုးမွေးမြူရေးဌာန (ဟဲဟိုး) မှ အသုံးပြုရန် မရှိသဖြင့် စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁၆၉. ၁၂ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၅၆၇/၂၀၁၈)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ဧရာဝတီတိုင်း ဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့နယ်၊ အမှတ် (၂၅) ဗမော်သုံးခွကျေးရွာအုပ်စု၊ ကွင်းအမှတ်/

အမည် - [၂၆၄ (ခ)/ခနိုးချောင်း]၊ မြေအမျိုးအစား (R1)၊ ဦးပိုင်အမှတ် (၃၀+၄၀) ရှိ **စုစုပေါင်းမြေဧရိယာ ၅. ၂၁ ဧက** ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်တွင် အသုံးပြုရန်မရှိသဖြင့် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်စွဲပါ စာအမှတ်၊ ၁၈၀၅/၁-ကော်မတီ/မြေ(ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၅. ၂၁ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၅၆၈/၂၀၁၈)

စက်မှုဝန်ကြီးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၄) အထည်စက်ရုံ (ပွင့်ဖြူ) မှ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၊ ညာတောကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်- (၂၈၀၆/သဲဖြူကွင်း၊ ၂၈၀၇/တယ်ပင်ပြုပ်ဆုံ)၊ မြေအမျိုးအစား-Y၊ မြေရိုင်း၊ ဦးပိုင်အမှတ် (၁၄၁၊ ၁၅၃၊ ၂၂၇၊ ၂၂၈၊ ၂၂၉၊ ၂၅၃၊ ၂၅၄၊ ၂၅၆၊ ၂၉၉၊ ၃၀၀၊ ၃၁၈) ရှိ မူလရှိ **မြေဧရိယာ ၇၅၈. ၉၅ ဧက** အနက်မှ **စုစုပေါင်း မြေဧရိယာ ၃၀၀. ၀၀ ဧက** ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်တွင် အသုံးပြုရန်မရှိသည့်အတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်စွဲပါ စာအမှတ်၊ ၁၈၁၄/၁-ကော်မတီ/မြေ(ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စက်မှုဝန်ကြီးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၄) အထည်စက်ရုံ (ပွင့်ဖြူ) မှ အသုံးပြုရန်မရှိသည့်အတွက် စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၃၀၀. ၀၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၅၆၉/၂၀၁၈)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အသုံးပြုရန် မရှိသည့်အတွက် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ဘူတာကုန်းရပ်ကွက်၊ ကွင်းအမှတ်/အမည်-၂၃/ဘူတာရပ်၊ မြေအမျိုးအစား-မြို့မြေ၊ ဦးပိုင်အမှတ် (၆၁၊ ၆၂၊ ၆၃၊ ၆၆၊ ၆၇၊ ၆၈၊ ၆၉ အနက်မှ၊ ၈၅ အနက်မှ၊ ၈၇) ရှိ မူလမြေဧရိယာ ၁၂. ၄၂၆ အနက်မှ **စုစုပေါင်းမြေဧရိယာ ၁၁. ၃၅၈ ဧက** ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်စွဲပါ စာအမှတ်၊ ၁၈၀၆/၁-ကော်မတီ/မြေ(ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁၁. ၃၅၈ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၅၇၀/၂၀၁၈)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အသုံးပြုရန် မရှိသည့်အတွက် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့နယ်၊ အမှတ် (၁) ရပ်ကွက်၊ ကွင်းအမှတ်/ အမည်- (၉၁၃/၁၅၁၆/ရွှေရောင်ကွင်း)၊ မြေအမျိုးအစား-ယာမြေ၊ ဦးပိုင်အမှတ် (H-၁၈/၃၊ F-၄၈၊ ၄၉) ရှိ မူလမြေဧရိယာ ၁. ၃၃ ဧကအနက်မှ **စုစုပေါင်းမြေဧရိယာ ၀. ၆၁ ဧက** ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်စွဲပါ စာအမှတ်၊ ၁၈၀၇/၁-ကော်မတီ/မြေ(ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၆၁ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၅၇၁/၂၀၁၈)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အသုံးပြုရန် မရှိသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ ဖောင်းပြင်မြို့နယ်၊ ဆွတ်နန်းရွာ၊ မင်းယားကျေးရွာအုပ်စုရှိ ကွင်းအမှတ်/အမည် - (၃၇၄/၅ဆွတ်နန်းဇီးဖြူကုန်း)၊ ဦးပိုင်အမှတ် (-) ရှိ **စုစုပေါင်းမြေဧရိယာ ၀. ၇၃ ဧက** ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှု အပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်စွဲပါ စာအမှတ်၊ ၁၈၁၁/၁-ကော်မတီ/မြေ(ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၇၃ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၅၇၂/၂၀၁၈)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အသုံးပြုရန်မရှိသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ ဖောင်းပြင်မြို့နယ်၊ သငါကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် - (၂၃၈/သငါကွင်း)၊ မြေအမျိုးအစား-ရွာမြေ၊ ဦးပိုင်အမှတ် (-) ရှိ **စုစုပေါင်းမြေဧရိယာ ၀. ၉၀ ဧက** ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်စွဲပါ စာအမှတ်၊ ၁၈၁၀/၁-ကော်မတီ/မြေ(ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၉၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၅၇၃/၂၀၁၈)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အသုံးပြုရန် မရှိသည့်အတွက် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့နယ်၊ အမှတ် (၁၊ ၃) ရပ်ကွက်၊ ကွင်းအမှတ်/အမည် - (၁၃၃၄-က၊ ၁၃၃၅)၊ ဦးပိုင်အမှတ် (၈၂/၂၊ ၃၈၊ ၃၉) ရှိ **စုစုပေါင်းမြေဧရိယာ ၁. ၉၆ ဧက** ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှု အပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်စွဲပါ စာအမှတ်၊ ၁၈၀၈/၁-ကော်မတီ/မြေ(ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁. ၉၆ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၅၇၄/၂၀၁၈)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အသုံးပြုရန်မရှိသဖြင့် ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ အမှတ် (၅) ရပ်ကွက်၊ အကွက်အမှတ်/အမည်-၅/ရုံး၊ ဦးပိုင်အမှတ် (၁၅/၁) ရှိ **စုစုပေါင်းမြေဧရိယာ ၀. ၁၈၈ ဧက** ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊

လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်စွဲပါ စာအမှတ်၊ ၁၈၀၉/၁-ကော်မတီ/မြေ(ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၁၈၈ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၅၇၅/၂၀၁၈)

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဒက္ခိဏသီရိမြို့နယ်၊ ရန်အောင်မြင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၂၁၂၅/ရန်အောင်မြင်မြောက်ကွင်း၊ မြေကွက်အမှတ်-၁၁၄၄ **ညီအစ်ကိုကောင်းမှုတောရကျောင်းတိုက်** အခွန်လွတ်သာသနာ့မြေဧရိယာ **၁၆. ၉၄ ဧက** အနက်မှ **၀. ၁၀ ဧက** ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ **သိမ်ဒါယကာ ဦးမြမင်းလွင် [၇/ဒဥန (နိုင်) ၀၈၅၄၄၇]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၅၇၇/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်)

အကျဉ်းဦးစီးဌာန၊ အုပ်ချုပ်မှုဌာနမှ က ၄၀၃၂ ညွှန်ကြားရေးမှူး မောင်မောင်အေး အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၁၉ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၇ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်)

အမှတ် ၁၄၃ ။ ။ ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေအခန်း (၆)၊ ပုဒ်မ (၁၉) အရလည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေများအခန်း (၆)၊ နည်းဥပဒေ (၂၃)၊ (၂၄) အရလည်းကောင်း ဗီဒီယိုလုပ်ငန်းများ စိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၂) နှစ်သက်တမ်းရှိသော တနင်္သာရီတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

**တနင်္သာရီတိုင်းဒေသကြီးဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

(က) ဦးခင်မောင်ကျော် — ဥက္ကဋ္ဌ
တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး
တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

( ခ ) ဒုတိယရဲမှူးကြီးစိန်ဝင်း အဖွဲ့ဝင်
ဦးစီးအရာရှိ (ပထမတန်း)
တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး

( ဂ ) ဦးအောင်သျှန် အဖွဲ့ဝင်
တိုင်းဒေသကြီးဥပဒေအရာရှိ
တိုင်းဒေသကြီးဥပဒေချုပ်ရုံး

(ဃ) ဦးဇော်ဦးလင်း အဖွဲ့ဝင်
တိုင်းဒေသကြီးမန်နေဂျာ
တိုင်းဒေသကြီးမြန်မာ့စာတိုက်လုပ်ငန်း

( င ) ဦးကျော်ရဲထွန်း အဖွဲ့ဝင်
တိုင်းဒေသကြီးဦးစီးမှူး
တိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာန

( စ ) ဒေါ်စိုးစိုးထွန်း အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ဆ) ဦးကျော်ထွန်း အဖွဲ့ဝင်
ဥက္ကဋ္ဌ
တိုင်းဒေသကြီးဗီဒီယိုအခြေခံအဖွဲ့ခွဲ

( ဇ ) ဦးမင်းအောင် အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး
တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၁၂/၂၀၁၈)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

၁။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်) ဦးသောင်းလွင် အား ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအခန်း (၈)၊ နည်းဥပဒေ (၈၁) ပါ ပြဋ္ဌာန်းချက်အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့မှ စတင်၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၅၆)၊ ပုဒ်မခွဲ (က)၊ ပုဒ်မ (၅၇) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ (၂၃၃)၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၁၄/၂၀၁၈)**

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အုပ်ချုပ်စီမံရေးနှင့် နယ်လေဆိပ်များဌာနခွဲမှ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူး (စီမံရေး) ဦးတင်မောင်နီ အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (အုပ်ချုပ်စီမံရေးနှင့် နယ်လေဆိပ်များ) ရာထူးနေရာသို့ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထား လိုက်သည်။

**(ဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၂၁/၂၀၁၈)**

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းများဌာန (အောက်မြန်မာပြည်) မှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (ရေလမ်းထိန်း) ဦးဝင်းလှိုင် အား ညွှန်ကြားရေးမှူးချုပ်ရုံးတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ငန်း) ရာထူးနေရာသို့ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၂၆/၂၀၁၈)**

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ စက်မှုအင်ဂျင်နီယာဌာနမှ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဒုတိယ အင်ဂျင်နီယာချုပ် (စက်မှု) ဦးသန်းထွဋ်အောင် အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ အင်ဂျင်နီယာချုပ် (စက်မှု) ရာထူးနေရာသို့ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၂၇/၂၀၁၈)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ်

(၂၁/၂၀၁၈) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်းပျံသန်းမှုလမ်းညွှန်ထိန်းသိမ်းရေးဌာနခွဲ၊ လေကြောင်းထိန်းသိမ်းရေးဌာနစုမှ အောက်ဖော်ပြပါ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)၊ ဒုတိယဦးစီးမှူး (လေကြောင်းထိန်း) (၂) ဦးအား ယင်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ရာထူးနေရာများသို့ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့် ခန့်ထားလိုက်သည် -

| စဉ် | အမည် | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း |
|---|---|---|
| (က) | ဦးဝင်းသန်းအောင် | လက်ထောက်မန်နေဂျာ (လေကြောင်းထိန်း) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ခ) | ဦးခိုင်စိုးလွင် | လက်ထောက်မန်နေဂျာ (လေကြောင်းထိန်း) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

## အမိန့်ကြော်ငြာစာအမှတ် (၂၂၈/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

## မြန်မာ့ကမ်းရိုးတန်းသွား စက်ခန်းအုပ်ကျွမ်းကျင်မှုလက်မှတ်များသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေပုဒ်မ ၂၉၄-ခ၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ မြန်မာ့ကမ်းရိုးတန်းသွားသင်္ဘောများတွင် စက်ခန်းအုပ်အဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် ကျွမ်းကျင်မှု လက်မှတ်များအတွက် အနည်းဆုံးလိုအပ်ချက်များကို သတ်မှတ်လိုက်သည်။

၃။ **ပင်မစက်မောင်းနှင်မှုစွမ်းအား ၁၅၀၀ ကီလိုဝပ်အောက် မြန်မာ့ကမ်းရိုးတန်းသွားသင်္ဘောများတွင် စက်ခန်းအုပ်အဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် မြန်မာ့ကမ်းရိုးတန်းသွား ပထမတန်းစက်ခန်းအုပ် ကျွမ်းကျင်မှုလက်မှတ်**

ကျွမ်းကျင်မှုလက်မှတ်လျှောက်ထားသူသည် -

(က) အောက်ဖော်ပြပါ သတ်မှတ်ချက်တစ်ခုနှင့်ကိုက်ညီပြီး မြန်မာ့ကမ်းရိုးတန်းသွား ပထမတန်း စက်ခန်းအုပ်သင်တန်းတက်ရောက်ပြီး ရေးဖြေ၊ နှုတ်ဖြေစာမေးပွဲများ အောင်မြင်ရမည် -

(၁) ပြည်တွင်းရေကြောင်းသွား ပထမတန်းစက်ခန်းအုပ် ကျွမ်းကျင်မှုလက်မှတ်ကိုင်ဆောင်၍ ပင်မစက်မောင်းနှင်မှုစွမ်းအား ၃၅၀ ကီလိုဝပ်နှင့်အထက် ပြည်တွင်းရေကြောင်းသွား ရေယာဉ်တွင် စက်ခန်းအုပ်လုပ်သက် (၂) နှစ် ရှိရမည်၊ (သို့မဟုတ်)

(၂) ပြည်တွင်းရေကြောင်းသွား ပထမတန်းစက်ခန်းအုပ် ကျွမ်းကျင်မှုလက်မှတ်ကိုင်ဆောင်၍ အထူးမွမ်းမံသင်တန်း တက်ရောက်ပြီး စက်ခန်းအုပ်လုပ်သက် (၁) နှစ် ရှိရမည်၊ (သို့မဟုတ်)

(၃) မြန်မာ့ကမ်းရိုးတန်းသွား ဒုတိယတန်းစက်ခန်းအုပ် ကျွမ်းကျင်မှုလက်မှတ်ကိုင်ဆောင်၍ ပင်မစက်မောင်းနှင်မှုစွမ်းအား ၂၅၀ ကီလိုဝပ်နှင့်အထက် ကမ်းရိုးတန်းသွားသင်္ဘောတွင် စက်ခန်းအုပ်လုပ်သက် (၁) နှစ် ရှိရမည်။ (သို့မဟုတ်)

(ခ) တပ်မတော် (ရေ) စက်မှုလက်မှုသင်တန်းဌာန၏ ရေယာဉ်စက်ပြင်သင်တန်း တက်ရောက် အောင်မြင်ပြီး စက်ဘက်ဆိုင်ရာ ပင်လယ်ပြင်လုပ်သက် (၁) နှစ် ရှိသည့် နုတ်ထွက်ခွင့် (သို့မဟုတ်) အငြိမ်းစားယူပြီးသူဖြစ်ပါက မြန်မာ့ကမ်းရိုးတန်းသွား ပထမတန်းစက်ခန်းအုပ် နှုတ်ဖြေစာမေးပွဲ အောင်မြင်ရမည်။

၄။ **ပင်မစက်မောင်းနှင်မှုစွမ်းအား ၇၅၀ ကီလိုဝပ်အောက် မြန်မာ့ကမ်းရိုးတန်းသွား သင်္ဘောများတွင် စက်ခန်းအုပ်အဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် မြန်မာ့ကမ်းရိုးတန်းသွား ဒုတိယတန်းစက်ခန်းအုပ် ကျွမ်းကျင်မှုလက်မှတ်**

ကျွမ်းကျင်မှုလက်မှတ်လျှောက်ထားသူသည် -

(က) ပြည်တွင်းရေကြောင်းသွား ဒုတိယတန်းစက်ခန်းအုပ် ကျွမ်းကျင်မှုလက်မှတ်ကိုင်ဆောင်၍ ပင်မစက်မောင်းနှင်မှုစွမ်းအား ၂၅၀ ကီလိုဝပ်နှင့်အထက် ပြည်တွင်းရေကြောင်းသွား ရေယာဉ်တွင် စက်ခန်းအုပ်လုပ်သက် (၁) နှစ် ရှိရမည်၊ (သို့မဟုတ်)

ပြည်တွင်းရေကြောင်းသွား ဒုတိယတန်းစက်ခန်းအုပ် ကျွမ်းကျင်မှုလက်မှတ်ကိုင်ဆောင်၍ ဒုတိယတန်းအထူးမွမ်းမံသင်တန်း တက်ရောက်ပြီးသူ ဖြစ်ရမည်၊ (သို့မဟုတ်)

ပင်မစက်မောင်းနှင်မှုစွမ်းအား ၂၅၀ ကီလိုဝပ်နှင့်အထက် ကမ်းရိုးတန်းသွားသင်္ဘောတွင် စက်ခန်းသင်္ဘောသားလုပ်သက် (၂) နှစ် ရှိရမည်။

( ခ ) မြန်မာ့ကမ်းရိုးတန်းသွား ဒုတိယတန်းစက်ခန်းအုပ်သင်တန်း တက်ရောက်ပြီး ရေးဖြေ၊ နှုတ်ဖြေ စာမေးပွဲများ အောင်မြင်ရမည်။

သန့်စင်မောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၀ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)

၁။ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတွင် တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိသော ဌာနစုမှူး - ၂၊ တတိယအတွင်းဝန် ဦးမင်းထွဋ်ဦး အား ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ၏ ကိုယ်ရေးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးတွင် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ ခန့်ထားလိုက်သည်။

၂။ ဌာနစုမှူး - ၂၊ တတိယအတွင်းဝန် ဦးမင်းထွဋ်ဦး သည် ကိုယ်ရေးအရာရှိရာထူးတွင် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ ဆ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ က၊ နည်းဥပဒေ ၅၊ နည်းဥပဒေခွဲ ခ၊ နည်းဥပဒေ ၇၊ နည်းဥပဒေခွဲ ဂ တို့ပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံခြားရေးဝန်ကြီးဌာန၏ မူလရာထူး၌ ရာထူးအနွယ်ပိုင်ဆိုင်ခွင့် ဆက်လက်တည်ရှိနေမည်ဖြစ်ပါသည်။

သောင်းထွန်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန။

# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ

**(၂၀၁၈ ခုနှစ်၊ မကွေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၅။)**

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်)

မကွေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းလိုအပ်ချက်အရ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းများ ဆောင်ရွက်ရာတွင် မူလခွင့်ပြုငွေဘောင်အတွင်း သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ် လွှဲပြောင်းသုံးစွဲခြင်းနှင့် ထပ်မံလိုအပ်လျက်ရှိသော သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်တို့အား တိုင်းဒေသကြီး၏ ပိုလျှံအပ်နှံငွေများမှ လွှဲပြောင်းသုံးစွဲခြင်းတို့နှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် လွှဲပြောင်းသုံးစွဲသော ကိစ္စရပ်များအား အနီးကပ်ဆုံးတိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြရမည်ဖြစ်ပြီး ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း တင်ပြပြီးချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။"

၃။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဤဥပဒေ၏ ဇယား (၅) တွင် ဖော်ပြထားသောရငွေများကို တိုးခြင်း၊ လျော့ခြင်း နှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ဤဥပဒေဇယား (၆) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေများနှင့် ကြွေးမြီသုံးငွေများတွင် ငွေများပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော် လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် လုပ်ငန်းစီမံကိန်းများ ပြောင်းလဲခြင်းမပြုဘဲ မူလလုပ်ငန်း စီမံကိန်းတစ်ခုအတွင်း ငွေများပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် လွှဲပြောင်းသုံးစွဲသော ကိစ္စရပ်များအား အနီးကပ်ဆုံး တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြရမည်ဖြစ်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတင်ပြချိန် နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဒေါက်တာအောင်မိုးညို

ဝန်ကြီးချုပ်

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်)

**၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ကို ထုတ်ပြန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က လက်မှတ်ရေးထိုးပြီးသော **၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၀ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

တင်မောင်ထွန်း
လွှတ်တော်ဥက္ကဋ္ဌ
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်

**၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး၏**

**ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**

**(၂၀၁၈ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၇။)**

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်)

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အပိုင်း ၁**

**အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်**

၁။ (က) ဤဥပဒေကို **၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

**အပိုင်း ၂**

**တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ**

၂။ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကိုဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသောသုံးငွေများကို တိုင်းဒေသကြီး၏ဘဏ္ဍာ ရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊

တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိလုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေ၏ ဇယား (၁) နှင့် (၃) တို့တွင် လျာထားသောရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် ဌာန၊ အဖွဲ့အစည်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းအရလိုအပ်လျှင် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြထားသောသုံးငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၅။ တိုင်းဒေသကြီးအဆင့် ဌာန၊ အဖွဲ့အစည်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဖြိုးမင်းသိန်း
ဝန်ကြီးချုပ်
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

ဇယား (၁)
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြေးမြီ | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | | **ဗဟိုအဖွဲ့အစည်းများ** | | | | | | | | | | | |
| | ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၂၄၁၂၂၆. ၇၇၄ | | | ၄၅၀၀. ၀၀၀ | | | | **၂၄၅၇၂၆. ၇၇၄** |
| | ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၀. ၀၀၅ | | | | | | | **၀. ၀၀၅** |
| | ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၂၆၁၈. ၀၀၀ | | | | | | | **၂၆၁၈. ၀၀၀** |
| | ၄ | တိုင်းဒေသကြီးဥပဒေချုပ် | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | | | ၁၄. ၅၀၀ | | | | | | | **၁၄. ၅၀၀** |
| | ၅ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီး စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀. ၃၈၅ | | | | | | | **၀. ၃၈၅** |
| | | **ပေါင်း** | | | | **၂၄၃၈၅၉. ၆၆၄** | | | **၄၅၀၀. ၀၀၀** | | | | **၂၄၈၃၅၉. ၆၆၄** |

ဇယား (၂)
(ကျပ်သန်းပေါင်း)

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | သုံးငွေများ - အတိုးပေးငွေ | သုံးငွေများ - ထောက်ပံ့ငွေ | သုံးငွေများ - ငွေလုံးငွေရင်းသုံးငွေ | သုံးငွေများ - ကြွေးမြီ - ထုတ်ချေးငွေ | သုံးငွေများ - ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | သုံးငွေများ - အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | | **ဗဟိုအဖွဲ့အစည်းများ** | | | | | | | | | |
| | ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၅၂၈၇. ၈၉၄ | | ၄၅၀၀. ၀၀၀ | ၁၂၈၁၉၃. ၄၆၅ | | | | ၁၃၇၉၈၁. ၃၅၉ |
| | ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁၉၃၉. ၇၃၂ | | | ၁၁၇၃. ၄၄၀ | | | | ၃၁၁၃. ၁၇၂ |
| | ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၁၂၀. ၀၀၀ | | | | | | | ၁၂၀. ၀၀၀ |
| | ၄ | တိုင်းဒေသကြီးဥပဒေချုပ် | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၁၃၀၈. ၃၈၂ | | | ၁၁၉၀. ၀၀၀ | | | | ၂၄၉၈. ၃၈၂ |
| | ၅ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၃၀၀၄. ၈၃၇ | | | ၁၈၇. ၉၀၀ | | | | ၃၁၉၂. ၇၃၇ |
| | | **ပေါင်း** | | **၁၁၆၆၀. ၈၄၅** | | **၄၅၀၀. ၀၀၀** | **၁၃၀၇၄၄. ၈၀၅** | | | | **၁၄၆၉၀၅. ၆၅၀** |

ဇယား (၃)
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ: အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ: ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | | **ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင်ကောက်ခံသည့် အခွန်အကောက်** | **တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၉၉၇၁. ၃၅၃** | | | | | | | | | **၉၉၇၁. ၃၅၃** |
| | ၁ | ယစ်မျိုးခွန် | | ၉၉၇၁. ၃၅၃ | | | | | | | | | ၉၉၇၁. ၃၅၃ |
| ၂ | | **နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့်အခွန်အကောက်** | **ဒုင်း** | **၁၅၃၀. ၄၁၇** | | | | | | | | | **၁၅၃၀. ၄၁၇** |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၅၆၀. ၉၅၇ | | | | | | | | | ၅၆၀. ၉၅၇ |
| | ၂ | တာတမံခွန် | | ၁. ၄၅၃ | | | | | | | | | ၁. ၄၅၃ |
| | ၃ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် | | ၁၄၂. ၁၅၀ | | | | | | | | | ၁၄၂. ၁၅၀ |
| | ၄ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၆၉. ၁၀၄ | | | | | | | | | ၆၉. ၁၀၄ |
| | ၅ | အင်းအိုင်ခွန် | | ၇၅၆. ၅၅၃ | | | | | | | | | ၇၅၆. ၅၅၃ |
| ၃ | | **ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နှင့် စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန်** | **ဒုင်း** | **၆၀၃၅၂. ၂၇၇** | | | | | | | | | **၆၀၃၅၂. ၂၇၇** |
| | ၁ | ပစ္စည်းခွန် | | ၁၄၃၅၉. ၁၃၃ | | | | | | | | | ၁၄၃၅၉. ၁၃၃ |
| | ၂ | ဘီးခွန် | | ၄၅၉၉၃. ၁၄၄ | | | | | | | | | ၄၅၉၉၃. ၁၄၄ |
| ၄ | | **ပြည်ထဲရေး** | **ဒုင်း** | | | **၃၂၄. ၃၉၉** | | | | | | | **၃၂၄. ၃၉၉** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၂၀. ၅၂၉ | | | | | | | ၂၀. ၅၂၉ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀. ၂၇၀ | | | | | | | ၀. ၂၇၀ |
| | ၃ | မီးသတ်ဦးစီးဌာန | | | | ၃၀၃. ၆၀၀ | | | | | | | ၃၀၃. ၆၀၀ |
| ၅ | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | **ဒုင်း** | | | **၆၂၅. ၀၆၄** | | | | | | | **၆၂၅. ၀၆၄** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၁၀၀. ၇၄၀ | | | | | | | ၁၀၀. ၇၄၀ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၁၃၆. ၉၈၇ | | | | | | | ၁၃၆. ၉၈၇ |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | | | ၂၂၇. ၃၉၂ | | | | | | | ၂၂၇. ၃၉၂ |
| | ၄ | သမဝါယမဦးစီးဌာန | | | | ၁၅၀. ၀၀၀ | | | | | | | ၁၅၀. ၀၀၀ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၉. ၉၄၅ | | | | | | | ၉. ၉၄၅ |

ဇယား (၃) အဆုံး
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက် ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၆ | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | **တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ** | | | **၂၄၁. ၄၈၀** | | | | | | | **၂၄၁. ၄၈၀** |
| | ၁ | သစ်တောဦးစီးဌာန | | | | ၉၈. ၈၁၀ | | | | | | | ၉၈. ၈၁၀ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | | | ၀. ၀၅၀ | | | | | | | ၀. ၀၅၀ |
| | ၃ | သတ္တုတွင်းဦးစီးဌာန | | | | ၁၄၂. ၆၂၀ | | | | | | | ၁၄၂. ၆၂၀ |
| ၇ | | **ကျန်းမာရေးနှင့် အားကစား** | **ရှင်း** | | | **၃၆. ၇၁၅** | | | | | | | **၃၆. ၇၁၅** |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | | | ၃၆. ၇၁၅ | | | | | | | ၃၆. ၇၁၅ |
| ၈ | | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | **ရှင်း** | | | **၁၃. ၄၉၀** | | | **၆၂၆၅၃. ၅၉၈** | | | | **၆၂၆၆၇. ၀၈၈** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀. ၂၅၀ | | | | | | | ၀. ၂၅၀ |
| | ၂ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | | | ၁၃. ၂၄၀ | | | | | | | ၁၃. ၂၄၀ |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | | ၆၂၆၅၃. ၅၉၈ | | | | ၆၂၆၅၃. ၅၉၈ |
| ၉ | | **ဆောက်လုပ်ရေး** | **ရှင်း** | | | **၁၁၈၉. ၅၄၉** | | | | | | | **၁၁၈၉. ၅၄၉** |
| | ၁ | လမ်းဦးစီးဌာန | | | | ၂၅. ၃၀၀ | | | | | | | ၂၅. ၃၀၀ |
| | ၂ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၁၁၆၄. ၂၄၉ | | | | | | | ၁၁၆၄. ၂၄၉ |
| ၁၀ | | **မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန** | **ရှင်း** | | | **၄၇၅. ၂၅၂** | | | | | | | **၄၇၅. ၂၅၂** |
| ၁၁ | | **တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံး** | **ရှင်း** | | | **၀. ၀၀၂** | | | | | | | **၀. ၀၀၂** |
| ၁၂ | | **ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ** | **ရှင်း** | | | **၉၇၁၆၃. ၆၈၇** | | **၅၆၈၉၃. ၆၀၅** | | | **၁၀၄၂၀၄. ၃၃၂** | | **၂၅၈၂၆၁. ၆၂၄** |
| ၁၃ | | **စည်ပင်သာယာရေးအဖွဲ့များ** | **ရှင်း** | | | **၆၁၅၉. ၈၂၃** | | | | | | | **၆၁၅၉. ၈၂၃** |
| | | ပေါင်း | | ၇၁၈၅၄. ၀၄၇ | | ၁၀၆၂၂၉. ၄၆၁ | | ၅၆၈၉၃. ၆၀၅ | ၆၂၆၅၃. ၅၉၈ | | ၁၀၄၂၀၄. ၃၃၂ | | ၄၀၁၈၃၅. ၀၄၃ |

ဇယား (၄)
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| **၁** | | **ပြည်ထဲရေး** | **တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၁၅၀၃၂. ၃၉၀** | | | **၁၁၇၇၆. ၂၂၉** | | | | **၂၆၈၀၈. ၆၁၉** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၉၈၀၉. ၅၇၂ | | | ၂၁၂၅. ၄၇၇ | | | | ၁၁၉၃၅. ၀၄၉ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၃၈၅. ၇၂၀ | | | ၅၈၁. ၅၀၀ | | | | ၉၆၇. ၂၂၀ |
| | ၃ | မီးသတ်ဦးစီးဌာန | | ၄၈၃၇. ၀၉၈ | | | ၉၀၆၉. ၂၅၂ | | | | ၁၃၉၀၆. ၃၅၀ |
| **၂** | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | **ဋ္ဌ** | **၅၈၄၇. ၅၁၉** | | | **၁၉၄၃. ၅၉၁** | | | | **၇၇၉၁. ၁၁၀** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၂၇၅၁. ၁၃၃ | | | ၁၀၀၈. ၀၂၀ | | | | ၃၇၅၉. ၁၅၃ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၄၂၁. ၈၈၄ | | | ၃၁၆. ၆၃၇ | | | | ၇၃၈. ၅၂၁ |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | ၅၈၆. ၅၉၈ | | | ၃၂၈. ၇၅၇ | | | | ၉၁၅. ၃၅၅ |
| | ၄ | သမဝါယမဦးစီးဌာန | | ၂၀၀၃. ၄၄၉ | | | | | | | ၂၀၀၃. ၄၄၉ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၈၄. ၄၅၅ | | | ၂၉၀. ၁၇၇ | | | | ၃၇၄. ၆၃၂ |
| **၃** | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး** | **ဋ္ဌ** | **၁၇၆၀. ၄၃၁** | | | **၂၃၅၉. ၃၆၆** | | | | **၄၁၁၉. ၇၉၇** |
| | ၁ | သစ်တောဦးစီးဌာန | | ၁၂၁၈. ၀၇၀ | | | ၄၈. ၁၀၀ | | | | ၁၂၆၆. ၁၇၀ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၃၉၃. ၁၀၀ | | | ၂၃၁၁. ၂၆၆ | | | | ၂၇၀၄. ၃၆၆ |
| | ၃ | သတ္တုတွင်းဦးစီးဌာန | | ၁၄၉. ၂၆၁ | | | | | | | ၁၄၉. ၂၆၁ |
| **၄** | | **ကျန်းမာရေးနှင့် အားကစား** | **ဋ္ဌ** | **၁၃၃၈. ၁၈၅** | | | **၂၃၆၅. ၅၅၉** | | | | **၃၇၀၃. ၇၄၄** |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | ၁၃၃၈. ၁၈၅ | | | ၂၃၆၅. ၅၅၉ | | | | ၃၇၀၃. ၇၄၄ |
| **၅** | | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | **ဋ္ဌ** | **၁၆၇၅. ၉၃၆** | | | **၉၀၆. ၅၃၄** | | | | **၂၅၈၂. ၄၇၀** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၁၁၆၁. ၆၉၃ | | | ၃၇၆. ၉၁၄ | | | | ၁၅၃၈. ၆၀၇ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | ၂၉၃. ၁၉၄ | | | ၁၈၂. ၀၄၀ | | | | ၄၇၅. ၂၃၄ |
| | ၃ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | ၁၁၈. ၀၈၂ | | | ၃၂၃. ၄၅၀ | | | | ၄၄၁. ၅၃၂ |
| | ၄ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၁၀၂. ၉၆၇ | | | ၂၄. ၁၃၀ | | | | ၁၂၇. ၀၉၇ |
| **၆** | | **ဆောက်လုပ်ရေး** | **ဋ္ဌ** | **၅၉၇၁. ၈၁၀** | | | **၃၀၃၆၁. ၅၁၆** | | | | **၃၆၃၃၃. ၃၂၆** |
| | ၁ | လမ်းဦးစီးဌာန | | ၄၂၄၉. ၀၀၆ | | | ၂၈၅၇၀. ၁၉၉ | | | | ၃၂၈၁၉. ၂၀၅ |
| | ၂ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၇၂၂. ၈၀၄ | | | ၁၇၉၁. ၃၁၇ | | | | ၃၅၁၄. ၁၂၁ |
| **၇** | | **မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန** | **ဋ္ဌ** | **၃၉. ၅၉၅** | | | **၅. ၄၃၇** | | | | **၄၅. ၀၃၂** |
| **၈** | | **တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံး** | **ဋ္ဌ** | **၅၇. ၈၅၇** | | | **၃၀၆. ၁၃၀** | | | | **၃၆၃. ၉၈၇** |
| **၉** | | **ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ** | **ဋ္ဌ** | **၁၁၈၅၄၂. ၂၁၀** | | | **၂၇၁၀၁၉. ၉၉၉** | | | **၆၈၀၀. ၀၀၀** | **၃၉၆၃၆၂. ၂၀၉** |
| **၁၀** | | **စည်ပင်သာယာရေးအဖွဲ့များ** | **ဋ္ဌ** | **၃၄၆၂. ၅၀၈** | | | **၂၁၇၁၆. ၂၅၅** | | | | **၂၅၁၇၈. ၇၆၃** |
| | | ပေါင်း | | ၁၅၃၇၂၈. ၄၄၁ | | | ၃၄၂၇၆၀. ၆၁၆ | | | ၆၈၀၀. ၀၀၀ | ၅၀၃၂၈၉. ၀၅၇ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက် ( ၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

## ပြည်ထောင်စုလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၅ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁/၂၀၁၉) ၏ သဘောတူညီချက်အရ ကယားပြည်နယ်လွှတ်တော်ရုံးမှ ဒုတိယဦးစီးမှူး ဦးမောင်မောင်ထွေး အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၉)

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁/၂၀၁၉) ၏ သဘောတူညီချက်အရ ချင်းပြည်နယ်လွှတ်တော်ရုံးမှ ဒုတိယဦးစီးမှူး ဦးဟရန်သောင်း အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)

၁။ မကွေးတိုင်းဒေသကြီးလွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်ရီမြင့် အား ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ မေလ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက် နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## ပြည်သူ့လွှတ်တော်ရုံး
## အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

### အတည်ပြုခန့်ထားခြင်း

ပြည်သူ့လွှတ်တော်ရုံး၏ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၈) အရ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းထွန်း အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

(ပုံ) တင်ဝင်းအောင်၊
အမြဲတမ်းအတွင်းဝန်၊
ပြည်သူ့လွှတ်တော်ရုံး။

## စစ်ရာထူးခန့်ချုပ်ရုံး
## (ကြည်းတပ်ဌာနစု)

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်
( ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက် )

အမှတ် ၁၈၅/၂၀၁၈။ ။ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)၊ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၅) မှ အောက်ဖော်ပြပါ ဗိုလ်လောင်းများအား ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

| | | | |
|---|---|---|---|
| (၁) | ဒေါ်အိအိဖြိုး | ကြည်း | ၄၄၂၇၂ |
| (၂) | ဒေါ်အိဖြူဖြူခိုင် | ကြည်း | ၄၄၂၇၃ |
| (၃) | ဒေါ်ယမင်းသူ | ကြည်း | ၄၄၂၇၄ |
| (၄) | ဒေါ်သီရိမော် | ကြည်း | ၄၄၂၇၅ |
| (၅) | ဒေါ်ဇင်မာမြင့် | ကြည်း | ၄၄၂၇၆ |
| (၆) | ဒေါ်ခိုင်ခိုင်စိုး | ကြည်း | ၄၄၂၇၇ |
| (၇) | ဒေါ်အိပွင့်ဖြူ | ကြည်း | ၄၄၂၇၈ |
| (၈) | ဒေါ်စံသက်ထားရည် | ကြည်း | ၄၄၂၇၉ |
| (၉) | ဒေါ်ရွှေရည်ဝင်းလှိုင် | ကြည်း | ၄၄၂၈၀ |
| (၁၀) | ဒေါ်ခင်မို့မို့လွင် | ကြည်း | ၄၄၂၈၁ |
| (၁၁) | ဒေါ်ခင်လှပြည့် | ကြည်း | ၄၄၂၈၂ |
| (၁၂) | ဒေါ်မြင့်မြင့်သန်း | ကြည်း | ၄၄၂၈၃ |
| (၁၃) | ဒေါ်ရတီထွန်း | ကြည်း | ၄၄၂၈၄ |
| (၁၄) | ဒေါ်မျိုးမြတ်မြတ်ခိုင် | ကြည်း | ၄၄၂၈၅ |
| (၁၅) | ဒေါ်အေးသီရိကျော် | ကြည်း | ၄၄၂၈၆ |
| (၁၆) | ဒေါ်ဖြိုးပြည့်ကျော် | ကြည်း | ၄၄၂၈၇ |
| (၁၇) | ဒေါ်ထူးနွယ်နွယ်အောင် | ကြည်း | ၄၄၂၈၈ |
| (၁၈) | ဒေါ်စုလှိုင်နှင်း | ကြည်း | ၄၄၂၈၉ |
| (၁၉) | ဒေါ်သိမ့်သိမ့်ဇော် | ကြည်း | ၄၄၂၉၀ |
| (၂၀) | ဒေါ်တင်ဇာဝင်း | ကြည်း | ၄၄၂၉၁ |
| (၂၁) | ဒေါ်နန်းမေယုဝတီ | ကြည်း | ၄၄၂၉၂ |
| (၂၂) | ဒေါ်ချိုသီဟန် | ကြည်း | ၄၄၂၉၃ |
| (၂၃) | ဒေါ်ဖြိုးသီရိမွန် | ကြည်း | ၄၄၂၉၄ |
| (၂၄) | ဒေါ်ယွန်းရတနာ | ကြည်း | ၄၄၂၉၅ |
| (၂၅) | ဒေါ်ဝါဝါမြင့် | ကြည်း | ၄၄၂၉၆ |
| (၂၆) | ဒေါ်ဟန်နီထွန်း | ကြည်း | ၄၄၂၉၇ |
| (၂၇) | ဒေါ်မေစစ်သူ | ကြည်း | ၄၄၂၉၈ |
| (၂၈) | ဒေါ်မေမြတ်မိုး | ကြည်း | ၄၄၂၉၉ |
| (၂၉) | ဒေါ်မြတ်လေးဝေ | ကြည်း | ၄၄၃၀၀ |
| (၃၀) | ဒေါ်သွယ်သွယ်လင်း | ကြည်း | ၄၄၃၀၁ |
| (၃၁) | ဒေါ်ထက်ထက်စိုး | ကြည်း | ၄၄၃၀၂ |
| (၃၂) | ဒေါ်ဖြိုးသန္တာ | ကြည်း | ၄၄၃၀၃ |
| (၃၃) | ဒေါ်သန့်မြတ်နိုး | ကြည်း | ၄၄၃၀၄ |
| (၃၄) | ဒေါ်မြတ်သူဇာထွေး | ကြည်း | ၄၄၃၀၅ |
| (၃၅) | ဒေါ်သိင်္ဂီအောင် | ကြည်း | ၄၄၃၀၆ |
| (၃၆) | ဒေါ်ခင်နှင်းကြည် | ကြည်း | ၄၄၃၀၇ |
| (၃၇) | ဒေါ်ဝင့်ဒါလီထက် | ကြည်း | ၄၄၃၀၈ |
| (၃၈) | ဒေါ်မေဇင်ရှိန်း | ကြည်း | ၄၄၃၀၉ |
| (၃၉) | ဒေါ်ယဉ်ယဉ်ဖြိုး | ကြည်း | ၄၄၃၁၀ |
| (၄၀) | ဒေါ်နှင်းပွင့်ဖြူ | ကြည်း | ၄၄၃၁၁ |
| (၄၁) | ဒေါ်သီသီစံ | ကြည်း | ၄၄၃၁၂ |
| (၄၂) | ဒေါ်အိရွှေရည်ဖူး | ကြည်း | ၄၄၃၁၃ |
| (၄၃) | ဒေါ်လားနွှန်တွောင်အိ | ကြည်း | ၄၄၃၁၄ |
| (၄၄) | ဒေါ်ဆင့်ဆင့်ထွန်း | ကြည်း | ၄၄၃၁၅ |
| (၄၅) | ဒေါ်စန်းစန်းအေး | ကြည်း | ၄၄၃၁၆ |
| (၄၆) | ဒေါ်ဆုပိုးအိဖြူ | ကြည်း | ၄၄၃၁၇ |

| | | | |
|---|---|---|---|
| (၄၇) | ဒေါ်ရတနာမိုး | ကြည်း | ၇၄၃၁၈ |
| (၄၈) | ဒေါ်စုစုလှိုင် | ကြည်း | ၇၄၃၁၉ |
| (၄၉) | ဒေါ်နော်မေသကြဲန်မိုး | ကြည်း | ၇၄၃၂၀ |
| (၅၀) | ဒေါ်စုလှိုင်ထွေး | ကြည်း | ၇၄၃၂၁ |
| (၅၁) | ဒေါ်သက်သက်လင်း | ကြည်း | ၇၄၃၂၂ |
| (၅၂) | ဒေါ်မေသက်ပိုင် | ကြည်း | ၇၄၃၂၃ |
| (၅၃) | ဒေါ်ခင်သန္တာထွေး | ကြည်း | ၇၄၃၂၄ |
| (၅၄) | ဒေါ်အိမေဝင်း | ကြည်း | ၇၄၃၂၅ |
| (၅၅) | ဒေါ်ယဉ်အိမွန် | ကြည်း | ၇၄၃၂၆ |
| (၅၆) | ဒေါ်ဆုထူးဝေ | ကြည်း | ၇၄၃၂၇ |
| (၅၇) | ဒေါ်မေအိဆုမွန် | ကြည်း | ၇၄၃၂၈ |
| (၅၈) | ဒေါ်ထက်ထက်အောင် | ကြည်း | ၇၄၃၂၉ |
| (၅၉) | ဒေါ်သီတာကျော် | ကြည်း | ၇၄၃၃၀ |
| (၆၀) | ဒေါ်သန္တာအောင် | ကြည်း | ၇၄၃၃၁ |
| (၆၁) | ဒေါ်နန္ဒာအောင် | ကြည်း | ၇၄၃၃၂ |
| (၆၂) | ဒေါ်သက်ထက်စံ | ကြည်း | ၇၄၃၃၃ |
| (၆၃) | ဒေါ်အိလှိုင်လှိုင်ဖြိုး | ကြည်း | ၇၄၃၃၄ |
| (၆၄) | ဒေါ်ခင်ယမုန်သူ | ကြည်း | ၇၄၃၃၅ |
| (၆၅) | ဒေါ်ခိုင်နွယ်ထွေး | ကြည်း | ၇၄၃၃၆ |
| (၆၆) | ဒေါ်ထက်မျှုးဝင့် | ကြည်း | ၇၄၃၃၇ |
| (၆၇) | ဒေါ်ဟန်နီစိုး | ကြည်း | ၇၄၃၃၈ |
| (၆၈) | ဒေါ်နှင်းလဲ့လဲ့အေး | ကြည်း | ၇၄၃၃၉ |
| (၆၉) | ဒေါ်ဆုရည်မွန် | ကြည်း | ၇၄၃၄၀ |
| (၇၀) | ဒေါ်ဝါဝါခိုင် | ကြည်း | ၇၄၃၄၁ |
| (၇၁) | ဒေါ်မြင့်မြတ်မိုး | ကြည်း | ၇၄၃၄၂ |
| (၇၂) | ဒေါ်ခင်မြတ်ထွန်း | ကြည်း | ၇၄၃၄၃ |
| (၇၃) | ဒေါ်မေသကြဲန်ထွန်း | ကြည်း | ၇၄၃၄၄ |
| (၇၄) | ဒေါ်ထက်ထက်အောင် | ကြည်း | ၇၄၃၄၅ |
| (၇၅) | ဒေါ်ဆုပြည့်မောင် | ကြည်း | ၇၄၃၄၆ |
| (၇၆) | ဒေါ်စောယုနန္ဒာ | ကြည်း | ၇၄၃၄၇ |
| (၇၇) | ဒေါ်အေးစုမွန် | ကြည်း | ၇၄၃၄၈ |
| (၇၈) | ဒေါ်နန်းစုစုဝင်း | ကြည်း | ၇၄၃၄၉ |
| (၇၉) | ဒေါ်နှင်းအိလှိုင် | ကြည်း | ၇၄၃၅၀ |

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်)

အမှတ် ၁၉၀/၂၀၁၈ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၁) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

| | | | |
|---|---|---|---|
| (၁) | သန်းစိုး | ကြည်း ၇၄၃၅၁ | ၃-၁၂-၂၀၁၈ |
| (၂) | ညွန့်လွင် | ကြည်း ၇၄၃၅၂ | ၃-၁၂-၂၀၁၈ |
| (၃) | စီယာန်အော် | ကြည်း ၇၄၃၅၃ | ၅-၁၂-၂၀၁၈ |
| (၄) | မြင့်ကြည် | ကြည်း ၇၄၃၅၄ | ၅-၁၂-၂၀၁၈ |
| (၅) | ကြည်ကိုကို | ကြည်း ၇၄၃၅၅ | ၅-၁၂-၂၀၁၈ |
| (၆) | ကျော်လင်း | ကြည်း ၇၄၃၅၆ | ၁၁-၁၂-၂၀၁၈ |
| (၇) | မောင်မောင်တင် | ကြည်း ၇၄၃၅၇ | ၁၂-၁၂-၂၀၁၈ |
| (၈) | မြင့်သိန်း | ကြည်း ၇၄၃၅၈ | ၁၅-၁၂-၂၀၁၈ |
| (၉) | သန်းဝင်း | ကြည်း ၇၄၃၅၉ | ၁၈-၁၂-၂၀၁၈ |
| (၁၀) | ထွန်းမြင့် | ကြည်း ၇၄၃၆၀ | ၂၀-၁၂-၂၀၁၈ |
| (၁၁) | စိုးငြိမ်း | ကြည်း ၇၄၃၆၁ | ၂၀-၁၂-၂၀၁၈ |
| (၁၂) | သိန်းထွန်း | ကြည်း ၇၄၃၆၂ | ၂၁-၁၂-၂၀၁၈ |
| (၁၃) | မြင့်ကြိုင် | ကြည်း ၇၄၃၆၃ | ၂၁-၁၂-၂၀၁၈ |
| (၁၄) | မင်းနိုင် | ကြည်း ၇၄၃၆၄ | ၂၃-၁၂-၂၀၁၈ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးလှုအေး၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

## နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်)

အမှတ် ၇ ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ကွပ်ကဲမှုအောက်ရှိ လင်းခေးခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဦးစီးအရာရှိ ဒေါ်ပွင့်ရည်မွန် အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့မှစ၍ အတည်ပြု (အမြဲတမ်း) ခန့်ထားလိုက်သည်။

ရဲနိုင်၊
ညွှန်ကြားရေးမှူးချုပ်၊
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန။

## အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၂ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်)

အမှတ် ၃၆၂ ။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၃၁/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်စွဲပါ စာအမှတ်၊ (သစ်တော) ၂(၂)/၀၈ (က) (၆၁၆၄/၂၀၁၈) တို့အရ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ဦးစီးရုံးချုပ်၊ စီမံကိန်းဌာနမှ ဒုတိယညွှန်ကြားရေးမှူး (သန္တေ) ဦးဇော်ဝင်း-၉ အား အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတွင် လစ်လပ်သွားမည့် ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူး (၁) နေရာသို့ လစ်လပ်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားခွင့်ပြုခဲ့သောကြောင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတွင် ညွှန်ကြားရေးမှူး (၁) နေရာ လစ်လပ်သွားမည့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့ နံနက်ပိုင်းကစ၍ ဒုတိယညွှန်ကြားရေးမှူး (သန္တေ) ဦးဇော်ဝင်း-၉ အား အလုပ်တာဝန်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ညွှန်ကြားရေးမှူးရာထူး တိုးမြှင့်ခန့်ထားလိုက်သည်။

ငွေးအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန။

## မြန်မာ့သစ်လုပ်ငန်း

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၄ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)

### ရာထူးတိုးမြှင့်ခန့်ထားခြင်း

အမှတ် ၄၆၂ ။ ။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ကျင်းပသည့် (၃၃/၂၀၁၈) ကြိမ်မြောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ မြန်မာ့သစ်လုပ်ငန်း၊ ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာနရုံးချုပ်၊ နှစ်ချုပ်စာရင်းဌာနစိတ်မှ လက်ထောက်အထွေထွေမန်နေဂျာ (ဘဏ္ဍာရေး) ဒေါ်တင်တင်ဦး အား ဒုတိယအထွေထွေမန်နေဂျာ (ဘဏ္ဍာရေး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလျက် ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာနရုံးချုပ်၊ လုပ်ငန်းဌာနစိတ်တွင် တာဝန်ချထားလိုက်သည်။

ခင်စန်း၊
အထွေထွေမန်နေဂျာ (စီမံရေး)၊
မြန်မာ့သစ်လုပ်ငန်း။

# မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်)

အမှတ် ၀၄ ။ ။ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်စွဲပါ စာအမှတ် အုပ်ချုပ်မှု (ရာထူးတိုး)/၂၀၁၉ (၁၆၅) နှင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၂၄/၂၀၁၈) ၏ သဘောတူညီချက်အရ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနရှိ ဌာနခွဲများတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများတွင် အောက်ပါပုဂ္ဂိုလ်များအား သက်ဆိုင်ရာဌာနခွဲများအလိုက် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | ရာထူး | ဌာနခွဲ |
|---|---|---|---|
| ၁။ | ဒေါ်ခင်စိုးဝင်း | ဦးစီးအရာရှိ | အမှတ်စာရင်း |
| ၂။ | ဦးမိုးအောင်ထွန်း | ဦးစီးအရာရှိ | ပုံနှိပ် |
| ၃။ | ဒေါ်အေးအေးသိန်း | ဦးစီးအရာရှိ | ဘဏ္ဍာ |
| ၄။ | ဒေါ်တင်တင်ထွေး | ဦးစီးအရာရှိ | စာမေးပွဲ |
| ၅။ | ဒေါက်တာစိုးယုလှိုင် | ဦးစီးအရာရှိ | ပညာရှင် |
| ၆။ | ဒေါ်မို့မို့သင်း | ဦးစီးအရာရှိ | ပညာရှင် |
| ၇။ | ဒေါ်ဇင်မာလွင် | ဦးစီးအရာရှိ | ပညာရှင် |
| ၈။ | ဒေါ်ခင်မာသောင်း | ဦးစီးအရာရှိ | မှတ်တမ်း |
| ၉။ | ဒေါ်သင်းယုထွေး | ဦးစီးအရာရှိ | ညှိနှိုင်းရေး |

ညွှန်ကြားရေးမှူးချုပ်၊
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန။

# မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၃ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်)

အမှတ် ၂ ။ ။ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်စွဲပါ စာအမှတ်၊ အုပ်ချုပ်မှု (ရာထူးတိုး)/၂၀၁၉ (၂၂၅) နှင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၂၄/၂၀၁၈) က သဘောတူညီချက်တို့အရ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာနမှ ကွန်ပျူတာလုပ်ဆောင်ရေးမှူး (စာကြည့်တိုက်) ဒေါ်သင်းသင်းထိုက် အား လက်ထောက်စာကြည့်တိုက်မှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာဇော်မြင့်၊
ညွှန်ကြားရေးမှူးချုပ်၊
မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန။

# ပြည်သူ့ကျန်းမာရေးဦးစီးဌာန

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၂ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်)

အမှတ် ၂။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်စွဲပါ စာအမှတ်၊ ၃ မက (ဂ) ၂၀၁၈/၂၀၈၉၂ သဘောတူညီချက်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်စွဲပါ စာအမှတ်၊ ၁၀၃၀/ရအဖ-၂/၃၅၁/၂၀၁၈/တမ-၁ သဘော တူညီချက်အရ ပြည်သူ့ကျန်းမာရေးဦးစီးဌာန (ရုံးချုပ်) မှ အောက်ဖော်ပြပါ စာရင်းအင်းမှူး၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အား အမည်နှင့် ယှဉ်တွဲဖော်ပြပါ ဦးစီးအရာရှိ (အုပ်ချုပ်ရေး)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| **အမည်၊ ရာထူး၊ ဌာန** | **တိုးမြှင့်တာဝန်ချထားသည့် ရာထူး၊ ဌာန** |
|---|---|
| ဒေါ်နီလာအောင်<br>စာရင်းအင်းမှူး<br>အာဟာရကျန်းမာရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော် | ဦးစီးအရာရှိ (အုပ်ချုပ်ရေး)<br>အာဟာရကျန်းမာရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော် |

မှတ်ချက်။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ဦးစီးအရာရှိသည် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)၊
ဒေါက်တာသန်းထွန်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊
ပြည်သူ့ကျန်းမာရေးဦးစီးဌာန။

# ကုသရေးဦးစီးဌာန

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၃ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)

အမှတ် ၂၆။ ။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ညွှန်ကြားရေးမှူး (ဆေးရုံအုပ်/ကုသရေး) ဒေါက်တာခွာညိုဇင် (ဆမ-၉၈၄၃) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းအား အများပြည်သူအကျိုးငှာ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအပိုဒ် (၈၀) အရ ငြင်းပယ်လိုက်သည်။

ထိုသို့ ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၃ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့မှ စ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)၊
ဒေါက်တာသီတာလှ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊
ကုသရေးဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက် ( ၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (င) အရ ကြော်ငြာစာ

**ရိုးမကျော် ကုမ္ပဏီလီမိတက်**

(အစုရှယ်ယာရှင်များ၏ ဆန္ဒအရဖျက်သိမ်းဆဲ)

**နောက်ဆုံးအစည်းအဝေး ဖိတ်ကြားခြင်း**

**ရိုးမကျော် ကုမ္ပဏီလီမိတက်** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည် -

နေ့ရက် - ၁-၄-၂၀၁၉

အချိန် - နံနက် (၉း၃၀) နာရီ

နေရာ - စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိရုံးခန်း၊
အမှတ် (၁၅၃)၊ ပထမထပ် (ညာ)၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အဆိုပါ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ရှင်းလင်းချက်များနှင့် စာရင်းရှင်းတမ်းကို တင်ပြပါမည်။

အစုရှယ်ယာရှင်များအားလုံး တက်ရောက်ပါရန် ဖိတ်ကြားပါသည်။

ဦးဇော်လွင်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ဆက်နွယ် ကွန်ရက် ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်
## ဖျက်သိမ်းရန် ကြေညာချက်

၁။ **ဆက်နွယ် ကွန်ရက် ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် (၂၈. ၂. ၂၀၁၉) နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးဇော်လွင် [နိုင်ငံသားစိစစ်ရေးအမှတ် - ၅/ရဥန (နိုင်) ०၅၅၂၈၇] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို (၂၉. ၃. ၂၀၁၉) နေ့ နောက်ဆုံးထား၍ ဦးဇော်လွင် (စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ) ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

ဦးလားရင့်အောမာ
အုပ်ချုပ်မှုဒါရိုက်တာ
ဆက်နွယ် ကွန်ရက် ရောင်းဝယ်ရေး
ကုမ္ပဏီလီမိတက်

ဦးဇော်လွင်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၃၁၃/၃၂၃)၊ အခန်း-၈/စီ (၇) လွှာ၊
Sea Green Tower
မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## ရတနာပုံတယ်လီပို့ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်

(မြီရှင်များ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)
[မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၉ (ဇ) အရ နိုးဆော်လွှာ]

အထက်ပါ ကုမ္ပဏီ၏ နောက်ဆုံးစာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၉ (ဇ) အရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ စာရင်းတင်ပြရန်နှင့် ရှင်းလင်းချက်ပေးရန် မြီရှင်များ၏ နောက်ဆုံးအထွေထွေအစည်းအဝေးကို အမှတ်-၂ (ဘီနှင့် စီ)၊ နှင်းဆီအိမ်ရာ၊ အမှတ်-၁၈၂/၁၉၄၊ ပထမထပ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၁၉ ခုနှစ်၊ ဧပြီလ (၄) ရက်နေ့ မွန်းလွဲ (၂) နာရီတွင် ကျင်းပမည်ဖြစ်ပါကြောင်း အသိပေးနိုးဆော်အပ်ပါသည်။

ဒေါ်တင်တင်မိုးခိုင်
[ဘီကွမ်း၊ စီပီအေ၊ ဒီဘီအယ်လ်၊ ဒစ်ဖ်အိုင်အက်(ဖ်)အာအက်စ်]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အခန်းအမှတ်-၂ (ဘီနှင့် စီ)၊ နှင်းဆီအိမ်ရာ၊ အမှတ်-၁၈၂/၁၉၄၊ ပထမထပ်၊
ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

Notice Under Section 209 (H) of the Myanmar Companies Act

## Myanmar Foster Electric Co., Ltd

(Under Creditor's Voluntary Winding-up)

Notice is hereby given that the Final General Meeting and Creditors' Meeting of the above Company Under Section 209 (H) of the Myanmar Companies Act will be held at Room No. 2D, Rose Condominium, No. 182/194, 1st Floor, Botahtaung Pagoda Road, Pazundaung Township, Yangon Region, Myanmar on 5th April, 2019 at 2:00 pm for the purpose of laying Liquidator's Statements of Accounts of the final winding-up and giving any explanation thereof.

U Myo Min Htwe
Liquidator
(B.Com, C.P.A, D.B.L)
Room No.2D, Rose Condominium, No. 182/194,
1st Floor, Botahtaung Pagoda Road, Pazundaung Township,
Yangon Region, Myanmar.

Notice Under Section 206 (1) of the Myanmar Companies Act

## GLOBAL HOUSE FRANCHISE (MYANMAR) COMPANY LIMITED

(In Voluntary Liquidation)

At the Extraordinary General Meeting of the shareholders of the Company held on (25-2-2019), the resolution that Company was winding-up voluntarily and U Zin Wai (Certified Public Accountant) was appointed as a Liquidator was passed on Extraordinary General Meeting Resolution. For above resolution all persons claiming to be creditors of the above Company are therefore, requested to submit details of their claims together with any documentary evidence in their possession, to the Liquidator at the address given below at the day on (24-3-2019) or before that day.

Mr. NUMPOL MALICHAI
MANAGING DIRECTOR
GLOBAL HOUSE FRANCHISE
(MYANMAR) CO., LTD

U ZIN WAI
[B.Com, C.P.A (210)]
Certified Public Accountant
Liquidator
No. (295), (1st Floor), Anawrahtar Road,
Lanmadaw Township, Yangon.

## Gallant Myanmar Trading Company Limited

## ဖျက်သိမ်းရန် ကြော်ငြာချက်

၁။ **Gallant Myanmar Trading Company Limited** ကို အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန် (၂၅. ၂. ၂၀၁၉) နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင် အား ခန့်ထားရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| Moe Han Soe | ဦးဇင်ဝေ |
| Managing Director | [B.Com (AA), C.P.A (210)] |
| Gallant Myanmar Trading Co., Ltd | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

ပ၊ ထ၊ န - အမှတ် ၅၅၇/၁၈-၁၉/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၀၀၀/၁-၃-၂၀၁၉။